မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပေါင်းလကွယ်နေ့၊ ၂၀၁၂ ခုနှစ်၊ မတ် ၂၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၇၄)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကျင်းပ

ဥပဒေကြမ်း (၁)ခု တင်သွင်းခြင်း၊ ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်းနှင့် ဥပဒေကြမ်း (၂)ခု မှတ်တမ်းတင်ခြင်းဆောင်ရွက်

နေပြည်တော် မတ် ၂၁

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၄၉၉)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ ဥပဒေကြမ်း (၁)ခု တင်သွင်းခြင်း၊ ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်း၊ ဥပဒေကြမ်း (၂)ခု မှတ်တမ်းတင်ခြင်းနှင့် ဥပဒေကြမ်း (၁)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အဆိုတင်သွင်း

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍ ၌ ဖေဖော်ဝါရီ ၂၄ ရက်က ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁ အဖြစ် ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည့် **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ**တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်ဆိုင်ရာ... အဓမ္မခိုင်းစေမှု ပပျောက်ရေးဆိုင်ရာ တားမြစ်ချက်များထည့်သွင်းရန် အရေးတကြီး လိုအပ်လာသည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏အကျိုးငှာ အထူးကိစ္စတစ်ရပ်အနေဖြင့် ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးစဉ်းစားပေးနိုင်ရန် ယင်းဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထဲရေးဝန်ကြီးဌာန ခေတ္တ ပြည်ထောင်စုဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အဆိုတင်သွင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ဥပဒေကြမ်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က ရှင်းလင်းတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့်အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ယနေ့အစည်းအဝေး အပြီးတွင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍ၌ မတ် ၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ အတည်ပြုပြီးဖြစ်သည့် **ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း** နှင့် စပ်လျဉ်း၍ ထပ်မံပြင်ဆင်ဖြည့်စွက်ရန် လိုအပ်သည့် အချက်များကို တွေ့ရှိရသဖြင့် ဥပဒေထုတ်ပြန်ခြင်းမပြုသေးမီ အတည်ပြုနိုင်ရေးအတွက် ထပ်မံပြင်ဆင်ဖြည့်စွက်ရန်အချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးသိန်းထွန်းဦးကတင်ပြပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ် ရယူဆောင်ရွက်သည်။

ဥပဒေကြမ်း၏ခေါင်းစဉ်၊ အပိုဒ် ၂(ဈ)၊ အပိုဒ် ၉(င)၊ အပိုဒ် ၁၂(စ)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁(င)၊ အပိုဒ် ၆၃ တို့နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်များ အတိုင်း ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်းနှင့် ထပ်မံဖြည့်စွက်ခြင်းကြောင့် တိုးလာသည့် အပိုဒ်၊ အပိုဒ်ခွဲများအရ ပြင်ဆင်သည့် ဥပဒေကြမ်းတွင် အမှတ်စဉ်ပြင်ရန်ဖြစ်ကြောင်း လွှတ်တော်က အတည်ပြုဆုံးဖြတ်သည်။

မှတ်တမ်းတင်ခြင်းကဏ္ဍ ၌ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုခဲ့သည့် **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကြမ်း** နှင့် **အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကြမ်း** တို့ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူ၍ မှတ်တမ်းတင်ဆောင်ရွက်သည်။

ဥပဒေကြမ်းဆွေးနွေးခြင်းကဏ္ဍ ၌ **၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း**ဖြင့်တင်ပြထားသော ရငွေသုံးငွေများနှင့်စပ်လျဉ်း၍လွှတ်တော်ကိုယ်စားလှယ် (၆)ဦးက ဆွေးနွေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

သဘာဝဘေးဆိုင်ရာသတင်းပဒေသာ မိုးမြင့်လင်းလက် – ရေးသားသည်

ဟောင်ကောင်၌ မိုးလေဝသ ခန့်မှန်းချက်ထုတ်ပြန်

ယခုနှစ်တွင် ဆိုင်ကလုန်းမုန်တိုင်း ရှစ်ကြိမ်အထိ တိုက်ခတ်နိုင်

ဟောင်ကောင် မတ် ၂၁

*ယခုနှစ်အတွင်း ဟောင်ကောင်တွင် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းများ ငါးကြိမ်မှ ရှစ်ကြိမ်အထိ တိုက်ခတ်နိုင်ကြောင်း ဟောင်ကောင် မိုးလေဝသဆိုင်ရာ စူးစမ်းလေ့လာရေးဌာနမှ ဒါရိုက်တာ ရှန်ချီမင်းက မတ် ၂၁ ရက်တွင် ပြောကြားသည်။ **(ယာပုံ)***



ဇွန်လမတိုင်မီ သာမန်ထက် အင်အားပြင်းသော မုန်တိုင်းများ တိုက်ခတ်လာနိုင်ကြောင်း ဌာန၏ နှစ်လယ် မိုးလေဝသ ကြိုတင်ခန့်မှန်းမှုဆိုင်ရာ သတင်းစာရှင်းလင်းပွဲ၌ ဒါရိုက်တာရှန်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုနှစ် မိုးရာသီရောက်ရှိလာချိန်တွင် မိုးကြီးမုန်တိုင်းများ ဖြစ်ပေါ်နိုင်ကြောင်း၊ အထူးသဖြင့် လေပြင်းများ အင်အားပြင်းထန်စွာ တိုက်ခတ်နိုင်ကြောင်း ဒါရိုက်တာရှန်က သတိပေးပြောကြားခဲ့သည်။

စာမျက်နှာ ၄ ကော်လံ ၅ ●

ထူးဆန်းထွေလာ ဤမြေကမ္ဘာ ကောင်းမြတ်သူ – ရေးသားသည်

ကမ္ဘာ့အဝဆုံးအမျိုးသမီး စားဖိုမှူးနှင့်လက်ထပ်တော့မည်

အရီဇိုးနား မတ် ၂၁

ကမ္ဘာ့အဝဆုံးအမျိုးသမီးဖြစ်လာရန် ကြိုးစားနေသော ကလေးမိခင်တစ်ဦးသည် စားဖိုမှူးတစ်ဦးနှင့် လက်ထပ်တော့မည်ဖြစ်သည်။

ထိုအမျိုးသမီး၏ အမည်ကား ဆူဆန်နီအီမန်ဖြစ်၏။ အသက် ၃၃ နှစ်အရွယ်ရှိ ဆူဆန်နီအီမန်သည် ပြီးခဲ့သည့်နှစ်က ကိုယ်အလေးချိန် ၁၁၅ စတုန်အထိရောက်ရှိခဲ့သည်။ သူမတွင် လက်ရှိ၌ ကိုယ်အလေးချိန် ၅၄ စတုန်ကျော်သည့် သားနှစ်ယောက်ဖြစ်သော အသက် ၁၃ နှစ်အရွယ် ဘရင်ဒင်နှင့် ၁၇ နှစ်အရွယ် ဂါဘရယ်တို့ ရှိကြသည်။ သူမသည် အသက် ၃၅ နှစ်အရွယ်ရှိ စားဖိုမှူး ပါကာကလပ်နှင့်လက်ထပ်ရန် စီစဉ်လျက်ရှိသည်။

ယင်းတို့စုံတွဲ **(ယာပုံ)**သည် ပြီးခဲ့သည့်နှစ်က အင်တာနက်မှတစ်ဆင့် ဆုံစည်းခဲ့ကြခြင်းဖြစ်သည်။ အင်တာနက်မှတစ်ဆင့် အဆက်အသွယ်ရပြီးနောက် တစ်ဦးနှင့်တစ်ဦး အီးမေးလ်ဖြင့် မကြာခဏ အဆက်အသွယ် ပြုလုပ်ခဲ့ကြသည်။ လအတန်ကြာပြီးနောက် စားဖိုမှူးပါကာသည် သားနှစ်ယောက်နှင့်အတူနေထိုင်လျက်ရှိသည့် ဆူဆန်နီရှိရာ အရီဇိုးနားပြည်နယ် ကာဆာဂရန်းဒီသို့ ပြောင်းရွှေ့လာခဲ့သည်။

"ကျွန်မတို့စုံတွဲဟာ လိုက်ဖက်လွန်းပါတယ်။ ကျွန်မကလည်း အစားဆိုကြိုက်တယ်။ ပါကာကလဲ အချက်အပြုတ် အလွန်ကောင်းပဲ" ဟု ဆူဆန်နီက ပြောကြားခဲ့သည်။ **(အင်တာနက်)**

အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် မတ် ၂၂ ရက်)

တစ်ဆယ့်ငါးမိနစ်အချိန်လေး

ဘဝ၌ စာများများဖတ်ကြသဖြင့် တိုးတက်အောင်မြင်ကြီးပွားကြကုန်သောသူများ အများအပြား ရှိကြလေကုန်၏။ ထို့ကြောင့် ''စာကိုနေ့စဉ်မပြတ် ဖတ်ကြပါ၊ ဖတ်ကြပါ''ဟူသော တိုက်တွန်းပြောဆိုသံများ တဖြည်းဖြည်း အသံကျယ်လောင်လာ၏။ စာဖတ်ခြင်းဖြင့် အကြားအမြင်ဗဟုသုတများနိုင်၏။ ဘဝတိုးတက်နိုင်၏။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်၏။

စာဖတ်ဖို့မည်မျှပင်တိုက်တွန်းရေးသားကြစေကာမူ ကျွန်ုပ်တို့နိုင်ငံတွင် စာဖတ်သူအလွန်နည်းပါးနေသေး၏။ အဘယ်ကြောင့်ဟူမူ အများစုက အချိန်မရ၍ဆိုကြ၏။ အချို့က စာအုပ်မရှိ၍၊ အချို့က စာဖတ်ရမှာပျင်း၍၊ အချို့ ဝါသနာမပါ၍ အစရှိသဖြင့်လည်း ဆိုကြ၏။

မည်သို့ပင်ရှိစေ စာကို ဖတ်ကိုဖတ်ကြရန်လို၏။ လူတိုင်း စာဖတ်လျှင် မနက်ကထက် ညမှာ ပညာပိုရှိမည်။ မနေ့ကထက် သည်ကနေ့ အသိဉာဏ် ပိုသာရမည်။ အသက်ကြီးလာသည်နှင့်အမျှ ဦးနှောက်အတွင်း၌ ပညာအလေးချိန် ပိုစီးလာမည်။ အသက်အရွယ် ကြီးလာသည်နှင့်အမျှ ပညာပြည့်ဝရန် လိုအပ်လာသည်။ ထိုပြည့်ဝသော ပညာများဖြင့် မိမိဘဝ၊ မိသားစုဘဝ၊ နိုင်ငံ့ဘဝ တိုးတက်ရန် ကြိုးပမ်းကြရမည်။ သို့မှသာ တန်ဖိုးရှိသောလူ ဖြစ်လာမည်။

လူတို့အနေဖြင့် တစ်နေ့ အချိန်တစ်ဆယ့်ငါးမိနစ် အချိန်ပေးပြီး စာဖတ်လျှင် ဗဟုသုတအမြောက်အမြားရနိုင်ကြောင်း စာအုပ်တစ်အုပ်တွင် ရေးသားထားသည်ကို ဖတ်မှတ်ဖူး၏။

မည်သူမဆို အလုပ်များလွန်း၍ စာဖတ်ချိန်ရလိုလျှင် အိပ်ရာမဝင်မီအချိန် တစ်ဆယ့်ငါးမိနစ်ပေးပြီး စာဖတ်သင့်ကြောင်း ကနေဒါဆေးလောကမှာရော ကမ္ဘာမှာပါ အောင်မြင်ကျော်ကြားခဲ့သည့် ပါမောက္ခ အော်စလာက ဆိုသည်။ သူသည် ကနေဒါဆေးပညာလောကတွင် ထင်ပေါ်ကျော်ကြားသည့် သမားတော်ကြီးတစ်ဦးဖြစ်၏။ သို့သော် သူသည် တစ်နေ့အိပ်ရာမဝင်မီ အချိန်တစ်ဆယ့်ငါးမိနစ်ပေး၍ စာဖတ်သည့် အလေ့အထကြောင့် ပညာဗဟုသုတကြွယ်ဝသူအဖြစ် ဂုဏ်ပြုအမွှမ်းတင်ခြင်းခံရသည်။

ဤသို့ဆိုလျှင် လူတိုင်းလူတိုင်းသည် စာဖတ်ချိန်ရချင်လျှင် အိပ်ချိန်ထဲက ဖဲ့ယူနိုင်သည်။ နားနေချိန်ထဲမှ ရယူနိုင်သည်။ ပြောရလျှင် စာဖတ်ချိန်ကို နားချိန်ဟုပင် သဘောထားလိုက်လျှင်ပင် စာဖတ်ဖြစ်သွားမည်ဖြစ်သည်။

ထိုနည်းဖြင့် တစ်နေ့ တစ်ဆယ့်ငါးမိနစ်ပဲ ဖတ်နိုင်သည်ထားဦး နေ့စဉ် မှန်မှန်ဖတ်မည်ဆိုက ရရှိမည့်အကျိုးရလဒ်သည်မသေး။ တွက်ချက်ထားသူတို့အဆိုအရ တစ်နေ့ တစ်ဆယ့်ငါးမိနစ်ဖတ်လျှင် တစ်လမှာ စာအုပ်ထူထူနှစ်အုပ်ဖတ်ပြီးနိုင်သည်။ တစ်နှစ်ပျမ်းမျှ ၂၀-၂၅ အုပ် ဖတ်နိုင်လျှင် တစ်သက်တာအတွင်း စာအုပ်ပေါင်း တစ်ထောင်ကျော် သင်ဖတ်ဖြစ်ပေလိမ့်မည်။

လူတိုင်းစာဖတ်သင့်သည်ဟုဆိုသော်လည်း စာကောင်းပေမွန်များ ရွေးဖတ်တတ်ရန်မှာ လွန်စွာအရေးကြီးသည်။ အထူးသဖြင့် ဘဝအတွက် အကျိုးဖြစ်စေမည့် စာပေများဖတ်သင့်၏။ စာဖတ်ခါနီးမှ စာအုပ်လိုက်ရှာခြင်းသည်ကား မဖြစ်သင့်။ ဖတ်ရန်စာအုပ်ကိုကား အိပ်ရာဘေး၌ဖြစ်စေ၊ စားပွဲပေါ်ဖြစ်စေ၊ ဗီရို၊ အံဆွဲ အစရှိသဖြင့် မှတ်မှတ်သားသားရှိသည့်နေရာတွင်ဖြစ်စေ အဆင်သင့်ထားသင့်၏။ သို့မှသာ အိပ်ရာမဝင်မီ (သို့မဟုတ်) နားနေချိန်တွင် စာကို ရှာရှာရှူရှူ ဖတ်နိုင်မည်ဖြစ်သည်။

သို့ပါသောကြောင့် လူတိုင်းသည် စာဖတ်အားကောင်းလာစေရန်အတွက်လည်းကောင်း၊ စာဖတ်သူများလာပြီး စာတတ်ပေတတ်များ ပေါများကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်အတွက်လည်းကောင်း တစ်နေ့အိပ်ရာမဝင်မီ (သို့မဟုတ်) နားနေချိန်တွင် တစ်ဆယ့်ငါးမိနစ် အချိန်လေးပေးကာ စာဖတ်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

မှူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ညောင်လေးပင်မြို့၌ကျင်းပ

ညောင်လေးပင် မတ် ၂၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၃)ရပ်ကွက်အတွင်း မတ် ၁ ရက်မှ ၃၁ ရက်အထိ မှုခင်းကင်းမဲ့ကာလအဖြစ် ဆောင်ရွက်လျက်ရှိရာ မှုခင်းမဖြစ်ပွားစေရေးနှင့် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မတ် ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟာစိုးက အမှာစကားပြောကြားပြီးနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်အောင်က မှုခင်းကျဆင်းရေးနှင့်ပတ်သက်၍လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မူးယစ်အထူးတပ်ဖွဲ့မှ ဒုတိယရဲမှူးတင်အေးက မူးယစ်ဆေးဝါးများ၏ဆိုးကျိုးနှင့်ပတ်သက်၍လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ယာဉ်ထိန်းဌာနမှ ဒုတိယရဲအုပ်အောင်နိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှုအထူးတပ်ဖွဲ့မှ ရဲအုပ်မောင်မောင်ဝင်းက လူကုန်ကူးမှုနှင့်ပတ်သက်၍လည်းကောင်း၊ ညောင်လေးပင်မြို့နယ် ရဲတပ်ဖွဲ့စခန်း စခန်းမှူး ရဲအုပ်သက်နွယ်ဦးက ပြစ်မှုဆိုင်ရာများနှင့်ပတ်သက်၍လည်းကောင်း ဟောပြောကြသည်။

အခမ်းအနားအပြီးတွင် ဓာတ်ပုံ၊ နံရံကပ်စာစောင်များပြသခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ (၁၃၈)

အသေးစားငွေစုငွေချေးလုပ်ငန်းဆိုင်ရာ သာယာဝတီ၌ ရှင်းလင်း

သာယာဝတီ မတ် ၂၁

ပဲခူးတိုင်းဒေသကြီး အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ အသေးစား ငွေစုငွေချေး လုပ်ငန်းရှင်းလင်းဆွေးနွေးပွဲကို မတ် ၁၈ ရက် မွန်းလွဲ ၂ နာရီက သာယာဝတီမြို့နယ်အခွန်ဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်လွင်ဦးက မြို့နယ်အတွင်းဆောင်ရွက်မည့် အသေးစား ငွေစုငွေချေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။ **(အောက်ပုံ)** အဆိုပါဆွေးနွေးပွဲသို့ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် Myanmar Finance Co.,Ltd. မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ဆေးကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် မတ် ၂၁

(၅၉)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့်ဆေးပစ္စည်းကိုယ်စားလှယ်များအားမတ် ၂၄ ရက် (စနေနေ့) ညနေ ၃ နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ပါသဖြင့် ဆေးကိုယ်စားလှယ်များအားလုံးတက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ (ဆရာဝန်အသင်း)

ကျန်းမာရေးစောင့်ရှောက်မှု ဆင့်ပွားသင်တန်းဖွင့်

ညောင်ဦး မတ် ၂၁

ညောင်ဦးခရိုင်တွင် ပြည်သူလူထုအခြေပြု တီဘီဝေဒနာရှင်များအား ပြုစုစောင့်ရှောက်မှု မြို့နယ်အဆင့် ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်က ညောင်ဦးမြို့ အနော်ရထာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မျိုးသက်နွယ်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဦးခင်မောင်ဌေးက တီဘီဝေဒနာရှင်များအား ပြုစုစောင့်ရှောက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ သင်တန်းသားသင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

အခမဲ့ အထွေထွေရောဂါကုဆေးခန်းဖွင့်

မော်လမြိုင်ကျွန်း မတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် အဖြူရောင်နှလုံးသားအဖွဲ့၏ အခမဲ့အထွေထွေရောဂါကုဆေးခန်းဖွင့်ပွဲကို မတ် ၁၅ရက် နံနက် ၈ နာရီက မော်လမြိုင်ကျွန်းမြို့ ၁၂ ရပ်ကွက် အမှတ်(၂၀) တပင်ရွှေထီးလမ်းအဖြူရောင်နှလုံးသားအဖွဲ့ ဆေးခန်းအဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။ **(အောက်ပုံ)**

ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးခုတင်(၁၀၀)ဆေးရုံအုပ်ကြီး ဒေါက်တာ အေးအောင်နှင့်အဖြူရောင်နှလုံးသား အဖွဲ့ဥက္ကဋ္ဌဦးခင်မောင်ဇင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် အဖြူရောင်နှလုံးသားအဖွဲ့ အဆောက်အအုံခန်းမတွင် အဖွဲ့ အတွင်းရေးမှူးဦးသိန်းလွင်က အဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များကို ကွန်ပျူတာဖြင့် သရုပ်ပြရှင်းလင်းတင်ပြသည်။ အဖြူရောင်နှလုံးသားအဖွဲ့၏ အခမဲ့အထွေထွေရောဂါကုဆေးခန်းကို တစ်ပတ်လျှင် ငါးရက် ဗုဒ္ဓဟူးနေ့မှ တနင်္ဂနွေနေ့အထိ နေ့စဉ် နံနက် ၇ နာရီမှ ၉နာရီအထိလူနာ ၃၅ဦးတို့အား စမ်းသပ်ခြင်းနှင့် ဆေးဝါးကုသပေးခြင်းများကို အခမဲ့ကုသပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (ဝဇ၅)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မတ် ၂၁

မိုးပွင့်အဆင့်(၂)စီမံချက်အရ မတ် ၁၇ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်အမှတ်(၆)ရပ်ကွက် ပြည်သူများအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်သိန်းဦးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးကံမြင့်နှင့် အဖွဲ့ဝင်များ ပူးပေါင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၁၆၆)

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။ (မီးသတ်ဦးစီးဌာန)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၂-၃-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၅	၁။	တရားတော်
၇း၂၅	၂။	မျိုးချစ်တပ်မတော်
၈း၀၀	၃။	မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၄း၂၀	၄။	ဇာတ်လမ်းတို
၆း၀၀	၅။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၄၅	၆။	ကာတွန်းအစီအစဉ် **ရူပါဟမ်းစတား** (အပိုင်း-၆၅)
၇း၀၀	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်ခွန်းဖွဲ့သီ ချစ်သူဆီ** (အပိုင်း-၆၄) (ဇာတ်သိမ်းပိုင်း)
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၉။	နိုင်ငံရေးပါတီများ၏ ဟောပြောချက် - ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ပါတီ - အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်
	၁၀။	(၆၇)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု အစီအစဉ်
	၁၁။	(၆၇)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်း **အဖေတူသား** (ပထမပိုင်း)

ဝါးခယ်မမြို့နယ်၌ အလင်းတံခါးစာကြည့်တိုက်ဖွင့်

ဝါးခယ်မ မတ် ၂၁

(၆၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဝါးခယ်မမြို့နယ် သာယာကုန်းကျေးရွာအုပ်စု တရုပ်စုကျေးရွာတွင် အလင်းတံခါးစာကြည့်တိုက်ဖွင့်ပွဲကို မတ် ၁၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အဆိုပါစာကြည့်တိုက်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှမျိုးဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါအလင်းတံခါးစာကြည့်တိုက်မှာ နိုင်ငံတော်မှ မတည်ငွေကျပ် ၁၀သိန်း၊ ပြည်သူများထည့်ဝင်ငွေကျပ်ခုနစ်သိန်းဖြင့် တည်ဆောက်သော အလျား ၂၄ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ အုတ်ညှပ်၊ သွပ်မိုးဖြစ်ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကချင်ပြည်နယ် ပြည်နယ်/ခရိုင်/မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံ

အမှာစကားပြောကြား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ကချင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ မိုးညှင်းနှင့်ဗန်းမော်ခရိုင် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မိုးကောင်း၊ဖားကန့်နှင့် ဗန်းမော်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၁

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ကချင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ မိုးညှင်းနှင့်ဗန်းမော်ခရိုင် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မိုးကောင်း၊ ဖားကန့်နှင့် ဗန်းမော်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် မတ် ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံသည်။

ဆောင်ရွက်

တွေ့ဆုံပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ပြည့်စုံမှန်ကန်သောမဲစာရင်းပြုစု ကောက်ခံရေး၊ ဥပဒေအရ အကျုံးဝင်သော မဲဆန္ဒရှင်များအား ဥပဒေနှင့်အညီ ကြိုတင်မဲပေးခွင့်ပြုရေး၊ ကျန်မဲဆန္ဒရှင်များ လျှို့ဝှက်မဲပေးစနစ်ဖြင့် စနစ်တကျမဲပေးနိုင်ရေး၊ မဲများရေတွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်သက်သေများ ရှေ့မှောက်၌ ဥပဒေနှင့်အညီ မဲများရေတွက်ရေးနှင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအား လုံခြုံစွာကျင်းပနိုင်ရေးဆောင်ရွက်ကြရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်/ခရိုင်/မြို့နယ် ကော်မရှင်အဖွဲ့ခွဲအသီးသီးမှ တာဝန်ရှိသူများက ကြားဖြတ်ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားမှုကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များက ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရာတွင် တွေ့ကြုံရသောအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေး မှာကြားသည်။

ဆွေးနွေးမှာကြား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ညနေပိုင်းတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့ရုံး၌တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းနှင့် ပြည်နယ်ဝန်ကြီးများက ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့် လုံခြုံရေးအခြေအနေများကို တင်ပြကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လွတ်လပ်၍ တရားမျှတသော ကြားဖြတ်ရွေးကောက်ပွဲဖြစ်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Takashi SAITO တို့ Non-Project Grant Aid အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ဂျပန်အစိုးရမှ ပြန်လည်ထူထောင်ရေးနှင့် သဘာဝဘေးအန္တရာယ်တားဆီးရေး အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာလက်မှတ်ရေးထိုးပွဲ ကျင်းပ

နေပြည်တော် မတ် ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသို့ ဂျပန်နိုင်ငံအစိုးရမှ ပြန်လည်ထူထောင်ရေးနှင့် သဘာဝဘေးအန္တရာယ်တားဆီးရေးအတွက် Non-Project Grant Aid အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Takashi SAITO တို့ တက်ရောက်၍ စာချွန်လွှာကို လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။

စာချွန်လွှာအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသို့ ဂျပန်နိုင်ငံအစိုးရမှ ရေငန်တားတမံများနှင့် သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်သည့်လမ်းများ တည်ဆောက်ရေး၊ ရေဘေးသင့်ပြည်သူများအား ပြန်လည်ထူထောင်ရေးနှင့် သဘာဝဘေးအန္တရာယ်တားဆီးရေးတို့အတွက် အကူအညီငွေယန်းတစ်ဘီလီယံနှင့် သန်းခြောက်ရာကို အကူအညီပေးအပ်သွားမည်ဖြစ်သည်။

လက်မှတ်ရေးထိုးပွဲသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံသားစိစစ်ရေးကတ်ပြားကွင်းဆင်းဆောင်ရွက်မှု ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ကြည့်ရှုအားပေး

နေပြည်တော် မတ် ၂၁

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းသည် မတ် ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၄) ရပ်ကွက်ဓမ္မာရုံ၌ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဝန်ထမ်းများက ဒေသခံပြည်သူများအား မိုးပွင့်အဆင့်(၂)စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ဖြေလျှော့သည့်စနစ်နှင့်အညီ သတ်မှတ်နှုန်းထားဖြင့် လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် မိုးပွင့်စီမံချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီး ဆောင်ရွက်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဒေသခံပြည်သူတစ်ဦးချင်းထံ ပေးအပ်သည်။

ယင်းနောက် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၃၃) ရပ်ကွက် ငါးမာရ်အောင်ဘုရားကြီးဓမ္မာရုံ၌ ဒေသခံပြည်သူများအား မိုးပွင့်အဆင့်(၂) စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၄)ရပ်ကွက် ဓမ္မာရုံ၌ ဒေသခံပြည်သူများအား မိုးပွင့်အဆင့်(၂) စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

CNG ဓာတ်ငွေ့တပ်ဆင်ယာဉ်ကားလိုင်းများ ဂက်(စ်)အိုးနှင့်ပိုက်လိုင်းများ လုံခြုံမှုစစ်ဆေးမည်

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော မထသ(ဗဟို)အောက်ရှိ CNG တပ်ဆင်မောင်းနှင်နေသည့် ယာဉ်လိုင်းများမှ ကားများအား ခရီးသည်များ၏ လုံခြုံရေးအတွက် ဓာတ်ငွေ့လုံခြုံမှု ရှိ မရှိကို ပူးပေါင်းအဖွဲ့က မတ် ၂၂ ရက် (ယနေ့)မှ စတင်စစ်ဆေးသွားမည်ဖြစ်ကြောင်း မထသ(ဗဟို)မှ တာဝန်ရှိသူတစ်ဦးက မီဒီယာများနှင့်တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

ပူးပေါင်းအဖွဲ့တွင် မထသ(ဗဟို)မှ အထူးစစ်ဆေးရေးရှစ်ဖွဲ့နှင့်အတူ CNG အသုံးချအတတ်ပညာရှင် အင်ဂျင်နီယာများလည်းပါဝင်မည်ဖြစ်သည်။

ယာဉ်များတွင်တပ်ဆင်ထားသော CNG အိုးများ လုံခြုံမှုရှိ မရှိနှင့် ဆက်သွယ်ထားသောပိုက်လိုင်းများ စနစ်တကျရှိမရှိကို စစ်ဆေးသွားမည်ဖြစ်ကြောင်းသိရသည်။

လုံခြုံမှုမရှိသောယာဉ်များအား ချက်ချင်းလိုင်းဆွဲမှု ပိတ်သိမ်းသွားမည်ဖြစ်ပြီး ပြုပြင်ပြီးမှသာ လိုင်းပြန်လည်ပြေးဆွဲခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (၀၄၂)

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၂၁

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ် နှင့်ချင်းပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်များမှာ မင်းဘူးမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်နှင့် မကွေးမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

လူမှုဒုက္ခ ဝေးလိုက စဉ်ပမီးဘေး ကာကွယ်ပေး

မိခင်ဝမ်းတွင်းမှသန္ဓေသား၏လည်ပြွန်အား ကမ္ဘာ့ပထမဆုံးခွဲစိတ်ပေးနိုင်ခဲ့

ဘာစီလိုနာ မတ် ၂၁

ကမ္ဘာပေါ်တွင် ပထမဆုံးခွဲစိတ်ကုသမှုတစ်ရပ်ဖြစ်သည့် မိခင်သားအိမ်အတွင်းမှ သီတင်းပတ် ၂၆ပတ်ရှိ သန္ဓေသား၏ လည်ပြွန်ပိတ်ဆို့နေမှုကို စပိန်ဆရာဝန်များက အောင်မြင်စွာခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း မတ် ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

စပိန်နိုင်ငံ ဘာစီလိုနာမြို့မှ စလီနစ်နှင့် ဂွန်ဒီဒူးဆေးရုံနှစ်ရုံမှ ဆရာဝန်များက မွေးဖွားခါနီးသန္ဓေသားအား မိခင်သားအိမ်အတွင်း၌ပင် ပိတ်ဆို့နေသော လည်ပြွန်အစိတ်အပိုင်းအား ခွဲစိတ်ကုသပေးခဲ့ပြီးနောက် ၎င်းရင်သွေးငယ်မှာ အသက်ရှင်ခွင့်ရရှိသွားခဲ့သည်။ (ဓာတ်ပုံ)

ထိုသို့ ခွဲစိတ်မဖယ်ရှားပါက ၎င်းရင်သွေးငယ်သည် အသက်ရှူလမ်းကြောင်းပိတ်ဆို့နေမှုကြောင့် မွေးဖွားလိုက်သည်နှင့် သေဆုံးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိခင်သားအိမ်အတွင်းရှိနေစဉ် ခွဲစိတ်ကုသမှု ပြုလုပ်ခဲ့ရခြင်းဖြစ်ကြောင်း ဆရာဝန်များက ပြောကြားသည်။

ကုသရာတွင် သန္ဓေသား၏ နှလုံးအနီး ရင်ဘတ်အတွင်းပိုင်းရှိ လည်ပြွန်အတွင်း အလွန်ပါးလွှာသော တစ်သျှူးလွှာကို ခွဲစိတ်ဖယ်ရှားကုသပေးခဲ့ခြင်းဖြစ်သည်။ ၎င်းသန္ဓေသားကို အသက်ရှင်သန်ခွင့်ရအောင် ခွဲစိတ်ပေးခဲ့သည့်ဆရာဝန်များကို ကျေးဇူးတင်ကြောင်း အသက် ၃၃ နှစ်အရွယ်ရှိ မိခင်ဖြစ်သူ မိုနီကာကော် ရိုမီနက်စ်က ပြောကြားခဲ့သည်။ (အင်တာနက်)

အာဖဂန်နစ္စတန်မှ တူရကီတပ်များရုပ်သိမ်းရန် တူရကီပါတီများက တောင်းဆို

အင်ကာရာ မတ် ၂၁

အာဖဂန်နစ္စတန်နိုင်ငံမှ တူရကီတပ်ဖွဲ့ဝင်များကို ရုပ်သိမ်းရန် တူရကီနိုင်ငံ၏ ပါတီများဖြစ်သော ရီပတ်ဘလီကင်ပြည်သူ့ပါတီ (စီအိတ်ချ်ပီ)နှင့် အမျိုးသားရေးလှုပ်ရှားမှုပါတီ (အမ်အိတ်ချ်ပီ)တို့က တောင်းဆိုလိုက်ကြောင်း ပရက်(စ်) တီဗွီက ဖော်ပြထားသည်။

တိုက်ပွဲဖြစ်နေသည့် အာဖဂန်နစ္စတန်နိုင်ငံ၌ တူရကီတပ်ဖွဲ့ဝင်များ ဖြန့်ကြက်မှုကို ပြန်လည်စဉ်းစားရန် တူရကီအစိုးရအား အမ်အိတ်ချ်ပီပါတီခေါင်းဆောင် ဒက်လက်ကာစီလီက တိုက်တွန်းလိုက်သည်။

မတ် ၁၆ ရက်က နေတိုးရဟတ်ယာဉ်ပျက်ကျသဖြင့် ကဘူးလ်မြို့တော် ဆင်ခြေဖုံး၌ တူရကီတပ်ဖွဲ့ဝင် ၁၂ ဦး သေဆုံးခြင်းမှာ ဤအဖြစ်မျိုး ပထမဆုံးကြုံရခြင်းမဟုတ်ကြောင်း ထောက်ပြလျက် ဆယ်စုနှစ်တစ်ခုကြာ အာဖဂန်နစ္စတန်အရေးတွင် တူရကီနိုင်ငံ၏အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ရန် တိုက်တွန်းလိုက်သည်။ သွေးထွက်သံယိုမှုပိုမိုဖြစ်မှုနှင့်အရပ်သားများ ထပ်မံသေဆုံးရမှုတို့က တင်းမာမှုများ ပိုမိုဖြစ်လာနိုင်စရာသာရှိကြောင်း ၎င်းက သတိပေးလိုက်သည်။ (အင်တာနက်)

ပါရီမြို့ရှိ အင်ဒိုနီးရှားသံရုံးအနီး ပါဆယ်ဗုံးပေါက်ကွဲ

ပါရီ မတ် ၂၁

ပြင်သစ်နိုင်ငံ ပါရီမြို့တွင်းရှိ အင်ဒိုနီးရှားသံရုံး အပြင်ဘက်တစ်နေရာတွင် မတ် ၂၁ ရက်အစောပိုင်းက ပါဆယ်ဗုံးတစ်လုံးပေါက်ကွဲမှုဖြစ်ခဲ့ကြောင်း၊ ထိုဗုံးပေါက်ကွဲမှုတွင် ထိခိုက်သေဆုံးသူ တစ်ဦးမျှမရှိခဲ့ကြောင်း ဒေသတွင်းမီဒီယာများက သတင်းတွင်ဖော်ပြသည်။ (ယာပုံ)

ပါရီမြို့အနောက်ပိုင်းတွင် တည်ရှိသည့် အင်ဒိုနီးရှားသံရုံး အဆောက်အအုံအနီးတွင် ပါဆယ်ထုပ်တစ်ထုပ်အား လူတစ်ဦးလာ၍ ချထားခဲ့ကြောင်း၊ ယင်းသို့ချထားပြီး မကြာမီ ထိုအထုပ်ကို သံရုံးမှ ဆယ်မီတာအကွာအဝေးသို့ တစ်ဦးက ပြောင်းရွှေ့ထားခဲ့ပြီးနောက် ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဒေသစံတော်ချိန် နံနက် ၅နာရီ ၄၅မိနစ်ဝန်းကျင်တွင် ပါဆယ်ဗုံးပေါက်ကွဲခြင်းဖြစ်ပြီးထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း၊ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး ၎င်းတို့၏ လက်ချက်ဖြစ်သည်ဟု မည်သည့်ဂိုဏ်းအဖွဲ့အစည်းကမျှ ထုတ်ဖော်ကြေညာခြင်းမရှိသေးကြောင်း သတင်းတွင်ဆက်လက်ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံတွင် အင်အားပြင်း ငလျင်လှုပ်

ဂျကာတာ မတ် ၂၁

အင်ဒိုနီးရှားနိုင်ငံ ပါပူဝါပြည်နယ်တွင် မတ် ၂၁ ရက် အစောပိုင်းက အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ ငလျင်လှုပ်သွားကြောင်း မိုးလေဝသနှင့် ဘူမိမြေငလျင်တိုင်းတာရေးအေဂျင်စီက သတင်းထုတ်ပြန်သည်။

အဆိုပါ ငလျင်သည် ဒေသစံတော်ချိန် နံနက် ၀ နာရီ ၅၆ မိနစ်တွင် ပါပူဝါပြည်နယ် ရာရိဂိုမြို့မှ အရှေ့တောင်ဘက် ၉၅ ကီလိုမီတာအကွာ ၈၉ကီလိုမီတာအနက်တွင် ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အေဂျင်စီမှအရာရှိတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ဖုန်းဖြင့်သတင်းပေးပို့သည်။ ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုနှင့်ထိခိုက်သေဆုံးမှုသတင်းများ လတ်တလောမရရှိသေးကြောင်းကို ထိုအရာရှိကပင်ဖြည့်စွက်ပြောကြားသည်။ အမေရိကန် ဘူမိမြေငလျင်တိုင်းတာရေးစခန်းကမူ ယခုငလျင်သည် ၆၆ ဒသမ ၉ကီလိုမီတာအနက်တွင် ရစ်ချ်တာစကေး ၆ ဒသမ ၂အဆင့်ပြင်းအားဖြင့် လှုပ်သွားခဲ့ခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

နိုင်ငံတကာသတင်းအတိုအထွာ (၂၁-၃-၂၀၁၂)

➤ တင်မောင်လွင် – စုစည်းသည် ➤

ကနေဒါဝန်ကြီးချုပ် အာရှသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

ကနေဒါနိုင်ငံ ဝန်ကြီးချုပ် စတက်ဖန်ဟာပါသည် အာရှနိုင်ငံများသို့ လေးရက်ကြာချစ်ကြည်ရေးခရီးစဉ်သွားရောက်မည်ဖြစ်ကြောင်း မတ် ၂၀ရက်က ထုတ်ဖော်ပြောကြားခဲ့သည်။

ဝန်ကြီးချုပ် ဟာပါသည် မတ် ၂၃ရက်မှ ၂၇ရက်အထိ သွားရောက်မည့် အဆိုပါခရီးစဉ်တွင် အာရှဒေသအတွင်းရှိ ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံများသို့လည်း သွားရောက်မည်ဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံတွင်ကျင်းပသည့် ၂၀၁၂ခုနှစ် နျူကလီးယားလုံခြုံရေးထိပ်သီးအစည်းအဝေးသို့လည်း ပါဝင်တက်ရောက်သွားမည်ဖြစ်သည်။ ၎င်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီး ဂျိုးဘတ်ဒ်၊ နိုင်ငံတကာကုန်သွယ်ရေးဝန်ကြီး အက်ဖက်စ်၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ဝန်ကြီး ဂျရီရက်နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဘက်အိုဒါအပါအဝင် စီးပွားရေးခေါင်းဆောင်များ၊ လုံခြုံရေးဆိုင်ရာကျွမ်းကျင်သူများလည်း လိုက်ပါမည်ဖြစ်သည်။

တရုတ်(တိုင်ပေ) ကမ်းလွန်တွင် ကုန်တင်သင်္ဘောနစ်မြုပ်

တရုတ်(တိုင်ပေ) ကမ်းလွန်မြောက်ပိုင်းတွင် မတ် ၁၉ ရက်က ကုန်တင်သင်္ဘောတစ်စင်းနစ်မြုပ်မှုကြောင့် အနည်းဆုံးလူခြောက်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာမီဒီယာများက မတ် ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။ အဆိုပါ ကုန်တင်သင်္ဘောသည် နှစ်နာရီခန့်အကြာ စက်ပစ္စည်းချွတ်ယွင်းမှုကြုံရပြီးနောက် ယင်းနေ့ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ က စတင်နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ သင်္ဘောသားများက ၎င်း၏ထိန်းချုပ်ရေးဌာနသို့ ယင်းနေ့ဒေသစံတော်ချိန် နံနက် ၄ နာရီ ၂၆ မိနစ်တွင် သတင်းပေးပို့ခဲ့သည်ဟုဆိုသည်။ သတင်းကြားလျှင်ကြားချင်း အရေးပေါ်အဖွဲ့များအား စေလွှတ်ပေးခဲ့သော်လည်း သင်္ဘောမှာ လျင်မြန်စွာနစ်မြုပ်သွားခဲ့ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိများက ပြောကြားသည်။ သင်္ဘောသား ၁၃ဦးအနက် ခြောက်ဦးမှာ ဆေးရုံ၌သေဆုံးသွားခဲ့ခြင်းဖြစ်ပြီး သင်္ဘောကပ္ပတိန်နှင့် အင်ဂျင်နီယာတို့မှာ ပျောက်ဆုံးနေဆဲဖြစ်သည်ဟု ဆိုသည်။

သြစတြေးလျတွင် ဆေးခြောက်ရောင်းဝယ်သူများအား ဖမ်းဆီးခံရ

သြစတြေးလျနိုင်ငံ စထရိုင်ယာပြည်နယ်တွင် ဆေးခြောက် ၂၄ ကီလိုဂရမ်အား ရောင်းဝယ်ဖောက်ကားနေသည့် သံသယရှိသူ ၁၀ ဦးအား ဖမ်းဆီးအရေးယူခဲ့ကြောင်း အဆိုပါမြို့ရှိ ရာဇဝတ်မှုများဆိုင်ရာ ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။ ၎င်းတို့ ၁၀ ဦးသည် သြစတြေးလျနိုင်ငံအရှေ့တောင်ပိုင်း စထရိုင်ယာပြည်နယ်ရှိ မြို့အချို့တို့တွင်လည်း အလှကုန်ပစ္စည်းဆိုင်အများအပြား ပိုင်ဆိုင်ကြသူများဖြစ်ပြီး ဆိုင်များတွင် ဆေးခြောက်အပင်များကို သိသာထင်ရှားစွာ ရောင်းချနေခဲ့သည်ဟု ဆိုသည်။ အဆိုပါ ဖမ်းဆီးခံရသည့် ၁၀ ဦးမှာ ဒေသခံများဖြစ်ကြပြီး အသက် ၂၀ မှ ၆၀ အရွယ်ကြား ရှိသူများဖြစ်သည်။

မက္ကဆီကိုတွင် အင်အားပြင်းငလျင်လှုပ်၊ အဆောက်အအုံများပြိုကျ

မက္ကဆီကိုနိုင်ငံတွင် မတ် ၂၀ ရက်က ရစ်ချ်တာစကေး ၇ ဒသမ ၄ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်မှုကြောင့် အိမ်အများအပြားနှင့် အဆောက်အအုံပေါင်း ၁၀၀ ခန့်ပျက်စီးခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ အဆိုပါငလျင်သည် ယင်းနေ့ ပေကျင်းစံတော်ချိန် မွန်းလွဲ၂ နာရီ မိနစ် ၂၀ ခန့်က မြောက်လတ္တီတွဒ် ၁၆ ဒသမ ၇ ဒီဂရီ၊ အနောက်လောင်ဂျီတွဒ် ၉၆ ဒသမ ၂ ဒီဂရီနှင့် မြေအောက်ကီလိုမီတာ ၂၀ အနက်၌ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်မြေငလျင်တိုင်းတာရေးဌာနက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

ဆန်ဖြူများစားသုံးခြင်းသည် ဆီးချိုရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်နေ

လန်ဒန် မတ် ၂၁

ဖြူဖွေးနေသောဆန်ကို များစွာစားသုံးခြင်းသည် ဆီးချိုရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်နေကြောင်း ဗြိတိန်နိုင်ငံ၌ ထုတ်ဝေသော ဆေးသိပ္ပံဂျာနယ်တွင် ဖော်ပြထားသည်ဟု မတ် ၂၁ ရက်က သတင်းထုတ်ပြန်သည်။

ဆန်ဖြူကို အများအပြားစားသုံးခြင်းသည် ဆီးချိုရောဂါအဆင့်-၂ ဖြစ်ပွားစေမှုနှင့် ဆက်စပ်နေပြီး ဆန်စားသုံးသောနိုင်ငံအချို့တွင် ၎င်းရောဂါဖြစ်ပွားမှုနှုန်းများပြားနေကြောင်း တွေ့ရှိရသည်ဟု ဆို၏။ တရုတ်၊ ဂျပန်၊ သြစတြေးလျနှင့် အမေရိကန်နိုင်ငံတို့တွင် ဆန်စားသုံးသူများကို လေ့လာသုတေသနပြုခဲ့ရာတွင် ဆန်ဖြူအများအပြား စားသုံးသူများသည် ဆီးချိုရောဂါဖြစ်ပွားမှုများပြားကြောင်း တွေ့ရှိရသည်ဟု ၎င်းဆေးသိပ္ပံဂျာနယ်၌ ဖော်ပြထားသည်။ (အပေါ်ဓာတ်ပုံ) ဆန်ဖြူများကို စားသုံးသူ ၁၃၀၀၀ကျော်ကို ၂၂နှစ်ကြာ သုတေသနပြုခဲ့ရာတွင် အဆင့်-၂ ဆီးချိုရောဂါဖြစ်ပွားမှုနှုန်းများနေကြောင်း၊ အထူးသဖြင့် ဂျပန်နှင့် တရုတ်နိုင်ငံတို့တွင် ဆန်ဖြူစားသုံးသူ ၅၅ ရာခိုင်နှုန်းကျော်ရှိနေရာ ဆီးချိုရောဂါဖြစ်ပွားမှုများပြားကြောင်း တွေ့ရှိရသည်ဟုဆိုသည်။

သတင်းထုတ်ပြန်

အာရှနိုင်ငံများသည် ဆန်ဖြူကို အဓိကစားသုံးလေ့ရှိရာ အနောက်နိုင်ငံများထက် ဆီးချိုရောဂါဖြစ်ပွားမှု ပိုမိုများပြားကြောင်း၊ တစ်ကမ္ဘာလုံးတွင် ဆီးချိုရောဂါဖြစ်ပွားနေသူဦးရေ သန်း ၃၅၀ ခန့်ရှိကြောင်း အမေရိကန်ဆီးချိုရောဂါကာကွယ်ထိန်းချုပ်ရေးဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။ (အင်တာနက်)

● *ရှေ့ဖုံးမှ*

ယခုနှစ်၏ မိုးရွာသွန်းမှုအခြေအနေသည် မိုးရေချိန် သာမန်နှင့်သာမန်အဆင့်အောက် လျော့နည်းရောက်ရှိနိုင်မည်ဟု ခန့်မှန်းကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

(အင်တာနက်)

နိုင်ငံတကာသတင်းမှတ်စု

ဇော်ဦးခိုင် ရေးသားသည်

ဘရာဇီးဆံကေသာအလှပိုင်ရှင် တစ်သက်လုံးမညှပ်ဘဲထားခဲ့သော ဆံပင်ရှည်ကို အိမ်ခန်းပြင်ဆင်ရန်အတွက် ဖြတ်ရောင်းခဲ့

ရီယိုဒီဂျနေရိုး မတ် ၂၁

ဘရာဇီးသူလေး တစ်ဦးသည် ဘဝတစ်သက်တာလုံး တစ်ကြိမ်တစ်ခါမျှ မညှပ်ဘဲ တယုတယထားခဲ့သော ဆံကေသာရှည်ကြီးကို အိမ်ခန်းတိုးချဲ့မွမ်းမံရန်အတွက် ပေါင် ၃၅၀၀ဖြင့် ရောင်းချရန် ဆုံးဖြတ်လိုက်သည်။

ရီယိုဒီဂျနေရိုး မြို့စွန်ရပ်ကွက်လေးတွင် နေထိုင်သူ အသက် ၁၂ နှစ်သမီးလေး နာတာရှာမိုရီဒီအန် ဒရိတ်၏ ဆံအုပ်ဆံသားကောင်းမွန်သည့် လှိုင်းတွန့် ဆံပင်ရှည်ကြီးမှာ ၅ပေ ၂လက်မရှိသည်။ ဆံသားထိန်းသိမ်းမှုအတွက် တစ်ပတ်လျှင် ခေါင်းလျှော်ရည်တစ်ဘူးကျ သုံးစွဲကုန်ကျခံကာ တစ်သက်လုံးမညှပ်ဘဲ ထားခဲ့ရသည်။

ဖြီးသင်ရှင်းလင်း

သူမအရပ်ကိုမီရန် တစ်လက်မသာလိုသည့် ဆံပင်ရှည်များကို ခေါင်းလျှော်ရာတွင် တစ်ပတ်ကို အချိန်လေးနာရီခန့် ယူခဲ့ရသည်။ ခေါင်းဖြီးဆံပင်ရှင်းရာတွင်လည်း တစ်နေ့အချိန်တစ်နာရီခွဲခန့်ယူကာ ဖြီးသင်ရှင်းလင်းနေရသည်။

ရာသီဥတုအပူချိန် ၄၀ဒီဂရီ ရှိနေလင့်ကစား ၎င်းနေထိုင်သော အခန်းကျဉ်းလေးထဲတွင် နာတာရှာ၏ ဆံပင်များနှင့် ငြိတွယ်ရှုပ်ထွေးကုန်မည်စိုးသဖြင့် ပန်ကာမဖွင့်ဘဲနေရကြောင်း၊ သမီးဖြစ်သူ၏ အုပ်လုံးကောင်းပြီး ရှည်လျားသည့်ဆံကေသာကို မညှပ်ဖို့ရန် ပြောထားခဲ့သော်လည်း ထိုဆံရှည်များကြောင့် သမီးငယ်လေး၏ နေ့စဉ်ဘဝမှာအပိုဒုက္ခများစေသည့်အတွက် ထိုဆံပင်ရှည်ကြီးကို ဖြတ်ပစ်ရန်သမီးကိုပြောခဲ့ရကြောင်း နာတာရှာ၏ မိခင်ဖြစ် သူက ဆိုသည်။

"ဆံပင်ရောင်းရငွေ ပေါင် ၃၅၀၀ နဲ့ အိမ်ကို ပြန်ပြီးမွမ်းမံမှာပါ။ အဲဒီအချိန်ကျရင် ထူးခြားတဲ့ ဘဝသစ်ဖြစ်လာလိမ့်မယ်ထင်ပါတယ်။" ဟု နာတာရှာက ပြောဆိုခဲ့သည်။ **(အင်တာနက်)**

နိုင်ငံတကာအနုပညာ နိုင်ငံတကာအနုပညာ နိုင်ငံတကာအနုပညာ

ကောင်းမြတ်သူ - စုစည်းသည်

ဗြိတိသျှအဆိုတော်များ၏ အယ်လ်ဘမ်ကြောင့် အမေရိကန်၌ အယ်လ်ဘမ်ရောင်းအားစံချိန်တင်

လန်ဒန် မတ် ၂၁

လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုတာအတွင်း အမေရိကန်နိုင်ငံ၌ တေးအယ်လ်ဘမ်များ ရောင်းအားမြင့်တက်ခဲ့ရခြင်းမှာ ဗြိတိသျှအဆိုတော် အဒေလီကြောင့်ဖြစ်ကြောင်း ဗြိတိသျှဂီတအဖွဲ့အစည်းတစ်ခုဖြစ်သည့် ဘီပီအိုင်က ပြောကြားသည်။

မြင့်တက်ခဲ့

ဗြိတိသျှဂီတပညာရှင်တို့၏ တေးအယ်လ်ဘမ်များ လူကြိုက်အလွန်များခဲ့သဖြင့် ၂၀၁၁ ခုနှစ်အတွင်း အမေရိကန်နိုင်ငံ၌ ရောင်းချရသော တေးအယ်လ်ဘမ်များအနက် ဗြိတိသျှအဆိုတော်များ တေးအယ်လ်ဘမ်ရောင်းချမှုမှာ ၁၁ ဒသမ ၇ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း၊ ယင်းမှာ ၂၀၁၀ ခုနှစ်ကနှင့် နှိုင်းစာလျှင် ၉ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဘီပီအိုင်က ဖော်ပြသည်။

*ကမ္ဘာကျော်အဆိုတော် အဒေလီ **(အပေါ်ပုံ)**၏ ဒုတိယမြောက် တေးအယ်လ်ဘမ်ဖြစ်သည့် 21 သည် စုစုပေါင်းတေးအယ်လ်ဘမ်အချပ် ၅ ဒသမ ၈ သန်းရောင်းချခဲ့ရသည်။ ယင်းနောက်မှ Mumford and Son's Sigh No More အမည်ရှိ တေးအယ်လ်ဘမ်က ၁ ဒသမ ၄ သန်း ရောင်းချခဲ့ရသည်။*

၂၀၁၁ ခုနှစ်အတွင်း ဗြိတိသျှအရောင်းရဆုံး အခြားသောတေးအယ်လ်ဘမ်များမှာ အဆိုတော် Coldplay ၏ Myle Xyloto အယ်လ်ဘမ်၊ Susan Boyle ၏ Someone to Watch Over Me တို့ဖြစ်ကြသည်။ အဆိုတော် အဒေလီ၏ 19 လို့ အမည်ရသည့် တေးအယ်လ်ဘမ်သည် ပြီးခဲ့သည့်နှစ်က စုစုပေါင်းတေးအယ်လ်ဘမ် ၉၀၀၀၀၀ အထိ ရောင်းချခဲ့ရသည်။ လီဗာပူးမြို့သူ R & B အဆိုတော် Marsha Ambrosius ၏တစ်ကိုယ်တော်တေးအယ်လ်ဘမ်ဖြစ်သည့် Late Nights and Early Mornings တေးအယ်လ်ဘမ်မှာလည်း ရောင်းအားအကောင်းဆုံးတေးအယ်လ်ဘမ်ဖြစ်ခဲ့သည်။ ***(အင်တာနက်)***

ကိုဆူးနှင့် ဟန်ဟိုဂျူးတို့ သရုပ်ဆောင်ထားသည့် Love 911 ကိုရီးယားဇာတ်ကားရိုက်ကူးပြီ

ဆိုးလ် မတ် ၂၁

ကိုရီးယား နာမည်ကြီးသရုပ်ဆောင်များဖြစ်ကြသည့် ကိုဆူး၊ မာဒေါင်ဆောက်၊ ကင်ဆောင်အိုးနှင့် ဂျူနီတို့သည် Love 911 လို့အမည်ရသည့် ရုပ်ရှင်ဇာတ်ကားသစ် ရိုက်ကူးနေပြီဖြစ်သည်။

၎င်းဇာတ်ကားကို ဒါရိုက်တာ ဂျောင်ကင်ဟွန်းက စီစဉ်ရိုက်ကူးထားသည်။ ဤဇာတ်ကားသည် မီးသတ်တပ်ဖွဲ့ဝင်များ၏ စွန့်လွှတ်စွန့်စားမှုကို သရုပ်ဖော် ရိုက်ကူးထားသော်လည်း အချစ်ဇာတ်ကားဖြစ်သည်။

Love 911 ဟု အမည်ပေးထားခြင်းမှာ မီးသတ်တပ်ဖွဲ့ဝင်များကို ဂုဏ်ပြု ဖော်ညွှန်းထားခြင်းဖြစ်သည်။ ၎င်းဇာတ်ကားမှာ အဓိကသရုပ်ဆောင်များအဖြစ် ကိုရီးယားနာမည်ကြီးရုပ်ရှင်မင်းသား ကိုဆူးနှင့် ရုပ်ရှင်မင်းသမီး ဟန်ဟိုဂျူးတို့က ပါဝင်သရုပ်ဆောင်ထားသည်။ သရုပ်ဆောင် ကိုဆူးက ဇနီးဖြစ်သူကို ဆုံးရှုံးခဲ့ရသည့် ဒဏ်ရာရမီးသတ်တပ်ဖွဲ့ဝင်တစ်ဦးအဖြစ် သရုပ်ဆောင်ထားသည်။ မင်းသမီး ဟန်ဟိုဂျူးကမူ ဆေးထိုးမှား၍ နှလုံးထိခိုက်ဒဏ်ရာရနေသော မိဆူးအဖြစ် သရုပ်ဆောင်ထားသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားသည် အချစ်ဇာတ်ကားကောင်း တစ်ကားဖြစ်လာမည်ဟုဆိုသည်။ သည်ဇာတ်ကားတွင် မာဒေါင်ဆောက်၊ ကင်ဆောင်အိုးနှင့် ပေးယွန်ဂျူနီတို့က ကိုဆူး၏ မီးသတ်တပ်ဖွဲ့ဝင်လုပ်ဖော်ကိုင်ဖက်များအဖြစ်သရုပ်ဆောင်ထားသည်။ မာဒေါင်ဆောက်က မီးသတ်တပ်ဖွဲ့၏ အကြီးအကဲအဖြစ် သရုပ်ဆောင်ထားသည်။

ကင်ဆောင်အိုးသည် ကိုဆူး၏ အရင်းနှီးဆုံးသူငယ်ချင်းဖြစ်သလို လုပ်ဖော်ကိုင်ဖက်လည်း ဖြစ်သည်။ ပေးယွန်ဂျူနီသည် ပေးယွန်ကောင်း၏ တစ်ဦးတည်းသောအမျိုးသမီး သူငယ်ချင်းဖြစ်သည်။ ပေးယွန်ဂျူနီနှင့် ကင်ဆောင်အိုးတို့သည် ရင်းနှီးရာမှ ချစ်သူများဖြစ်လာကြသည်။ Love 911 အမည်ရှိသည့်ဇာတ်ကားကို ဧပြီလနောက်ပိုင်း ယခုနှစ် နှစ်လယ်မှာ ရုံတင်ပြသနိုင်ရန်စီစဉ်လျက်ရှိကြောင်း သိရှိရသည်။ **(အင်တာနက်)**

ရုပ်ရှင်သရုပ်ဆောင် ကိုဆူး

ဟန်ဟိုဂျူး

မာဒေါင်ဆောက်

ကင်ဆောင်အိုး

ပေးယွန်ဂျူနီ

ကမ္ဘာကျော်ပေါ့ပ်အဆိုတော် ကာတီပယ်ရီ အိန္ဒိယသို့ သွားရောက်ဖျော်ဖြေမည်

နယူးဒေလီ မတ် ၂၁

အမေရိကန်နာမည်ကြီးအဆိုတော် ကာတီပယ်ရီ** (ဝဲပုံ) **သည် အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့၌ ကျင်းပမည့် အိန္ဒိယ ပရီမီယာလိဂ် (အိုင်ပီအယ်လ်)ဖွင့်ပွဲတွင် အိန္ဒိယနာမည်ကြီးသရုပ်ဆောင်များဖြစ်ကြသည့် ဆယ်မန်ခန်း၊ ပရီရန်ကာ ချော်ပရာ၊ အမီတာဘဂျမ်းတို့နှင့်အတူ ပါဝင်သီဆိုမည်ဖြစ်ကြောင်း သိရသည်။

အဆိုတော်ကာတီပယ်ရီသည် ကမ္ဘာကျော်ပေါ့ပ်အဆိုတော်တစ်ဦးဖြစ်သည်။ ၎င်းသည် ဧပြီ ၃ ရက်တွင် ချန်နိုင်းမြို့ YMCA မြက်ခင်းပြင်၌ ကျင်းပမည့် အဆိုပါအိုင်ပီအယ်လ်ဖွင့်ပွဲညတွင် သီဆိုဖျော်ဖြေမည်ဖြစ်သည်။

သူမသည် ယခုအခါကမ္ဘာတစ်ဝန်းလှည့်လည်ဖျော်ဖြေလျက်ရှိရာ အိန္ဒိယနိုင်ငံ၌ ဒုတိယအကြိမ်သီဆိုဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ သူမသည် ၂၀၁၀ ခုနှစ် အောက်တိုဘာလက အိန္ဒိယနိုင်ငံတွင် ဗြိတိသျှရုပ်ရှင်မင်းသား ရပ်ဆဲလ်ဘရင်းနှင့် လက်ထပ်ခဲ့သည်။ သို့သော်လည်း ကံအကြောင်းမလှသဖြင့် ၁၄ လသာ ပေါင်းသင်းခဲ့ပြီးနောက် လမ်းခွဲခဲ့ကြသည်။ *(အင်တာနက်)*

နိုင်ငံတကာအားကစားသတင်းများ

မြင့်မောင်စိုး - စုစည်းသည်

ဘာစီလိုနာဘောလုံးအသင်းသမိုင်းတွင် တိုက်စစ်မှူးမက်ဆီ ဂိုးအများဆုံးသွင်းယူ

နူးကမ့် မတ် ၂၁

စပိန်လာလီဂါ ဘောလုံးပွဲစဉ်များကို မတ် ၂၁ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားရာ ဘာစီလိုနာအသင်းက အိမ်ကွင်း၌ ဂရန်နာဒါအသင်းကို ငါးဂိုး-သုံးဂိုးဖြင့်အနိုင်ရလိုက်သည်။ ဘာစီလိုနာတို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် အမှတ်ပေးဇယားတွင်ဦးဆောင်နေသော ရီးရဲမက်ဒရစ်နှင့် ငါးမှတ်သာကွာတော့သည်။

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီက ယင်းပွဲတွင် ဟက်ထရစ်ဂိုးသွင်းယူခဲ့ပြီး ဘာစီလိုနာဘောလုံးအသင်းသမိုင်းတစ်လျှောက် ဂိုးအများဆုံးစံချိန်ကို သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ မက်ဆီသည် ယင်းပွဲတွင် ဟက်ထရစ်ဂိုးသွင်းယူခဲ့ရာ ပထမဂိုးကို ပွဲချိန် ၁၇ မိနစ်တွင် သွင်းယူခဲ့သည်။ ဒုတိယအနိုင်ဂိုးကို ပွဲချိန် ၆၈ မိနစ်တွင်လည်းကောင်း၊ တတိယဂိုးကို ပွဲပြီးရန်နီးကပ်လာချိန်တွင်လည်းကောင်း သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ယခုအခါ မက်ဆီ *(အပေါ်ပုံ)* ***သည် ဘာစီလိုနာဘောလုံးသမားသက်တမ်းတစ်လျှောက် ဂိုးပေါင်း ၂၃၅ ဂိုးသွင်းယူပေးနိုင်ခဲ့ပြီဖြစ်သည်။***

ဘာစီလိုနာအသင်းတွင် ၁၉၅၀ ပြည့်လွန်နှစ်များက ဆီးဆာရီဒရီကွတ်ဇ်ဆိုသူသည် ဂိုးအများဆုံး ၂၃၂ ဂိုးအထိသာ အများဆုံးသွင်းယူနိုင်ခဲ့သည်။ အသက် ၂၄ နှစ်အရွယ်ရှိ တိုက်စစ်မှူးမက်ဆီသည် ဘာစီလိုနာအသင်းနှင့်အတူ ရှစ်နှစ်တာကစားခဲ့သည့်အချိန်အတွင်း ထိုကဲ့သို့ ဂိုးအများဆုံးသွင်းယူခဲ့ခြင်းဖြစ်သည်။ ၎င်းသည် လက်ရှိကမ္ဘာ့အကောင်းဆုံးဘောလုံးသမားလည်းဖြစ်သည်။ ယခုနှစ်အတွင်း မက်ဆီသည် ပြိုင်ပွဲအားလုံးအတွက် ၅၄ ဂိုးအထိ သွင်းယူခဲ့ပြီး ဖြစ်သည်။ *(အင်တာနက်)*

ဘလက်ဘန်းက ဆန်းဒါးလန်းကိုနိုင် တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်

လန်ဒန် မတ် ၂၁

ဘလက်ဘန်းနှင့် ဆန်းဒါးလန်းအသင်းတို့သည် မတ် ၂၀ ရက်က ပရီမီယာလိဂ်ပွဲစဉ် (၂၉) အဖြစ် ယှဉ်ပြိုင်ကစားကြရာ ဘလက်ဘန်းအသင်းက နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့သည်။ **(အောက်ပုံ)**

ဘလက်ဘန်းအသင်းအတွက် အနိုင်ဂိုးများကို ဂျူနီယာဟောလက်နှင့် ယာကူဘူတို့က ဒုတိယပိုင်းတွင် သွင်းယူပေးခဲ့ကြခြင်းဖြစ်သည်။ ဘလက်ဘန်းတို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် တန်းဆင်းဇုန်အထက် ခြောက်မှတ်အသာရရှိပြီး တက်ရောက်လာသည်။

အကြိတ်အနယ်ကြိုးစားခဲ့

ဘလက်ဘန်းအသင်းသည် ၂၀၁၀ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း နှစ်ပွဲဆက်တိုက်အနိုင်ရလိုက်ခြင်းကြောင့် တန်းဆင်းဇုန်အထက် ခြောက်မှတ်အသာမြင့်တက်လာခြင်းဖြစ်သည်။ ဘလက်ဘန်းအသင်း၏ ဂိုးသွင်းမှုကို ဆန်းဒါးလန်းကစားသမား ဂျီဒေါင်ဝမ် ချေပဂိုးသွင်းရန် အခွင့်အရေးရခဲ့သော်လည်း လွဲချော်ခဲ့သည်။ သို့သော် ယာကူဘူ၏ ခေါင်းတိုက်ဂိုးကြောင့် ဘလက်ဘန်းအသင်း၏ အနိုင်ရမှုကို သေချာသွားစေခဲ့သည်။ **(အင်တာနက်)**

တိုက်ဂါးဝုဒ် ဂေါက်သီးပြန်ကစားမည်

ဖလော်ရီဒါ မတ် ၂၁

ကမ္ဘာကျော် ဂေါက်သီးအားကစားသမား တိုက်ဂါးဝုဒ်သည် ဖလော်ရီဒါ၌ ကျင်းပသော Tavistock Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ခြေဖနောင့် ဒဏ်ရာရခဲ့ပြီးနောက် အနားယူကုသနေရာမှ ပြန်လည်ကစားနိုင်တော့မည်ဟုဆိုသည်။

အသက် ၃၆ နှစ်ရှိ တိုက်ဂါးဝုဒ် ***(ယာပုံ)****သည် အဓိကဖလား ၁၄ လုံး ဆွတ်ခူးထားသူ ဖြစ်သည်။ ၎င်းသည် မတ် ၁၁ ရက်က အဆိုပါပြိုင်ပွဲ၌ ခြေဖနောင့် ဒဏ်ရာရရှိခဲ့သည်။*

ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးကစားသမားဟောင်း တိုက်ဂါးဝုဒ်သည် ယင်းပြိုင်ပွဲတွင် ဂျပ်စတင်းရို့စ်နှင့်အပြိုင် ကိုးချက်စီ လျှော့ရိုက်ခဲ့ကြသည်။ ၎င်းသည် ဧပြီ ၅ ရက်တွင် ကျင်းပမည့် မာစတာဖလားပြိုင်ပွဲမှစတင်ကာ ပြိုင်ပွဲဝင်ရန် အသင့်ဖြစ်နေပြီဟု ဆိုသည်။

တိုက်ဂါးဝုဒ်သည် မာစတာဖလားလေးကြိမ်၊ အမေရိကန်အိုးပင်းသုံးကြိမ်၊ အိုးပင်းဖလားသုံးကြိမ်နှင့် ယူအက်စ်ပီဂျီအေဖလားလေးကြိမ် ဆွတ်ခူးခဲ့သူဖြစ်သည်။ ***(အင်တာနက်)***

၂၀၁၄ ချန်ပီယံလိဂ်ဗိုလ်လုပွဲ လစ္စဘွန်းမြို့၌ ကျင်းပမည်

အစ္စတန်ဘူလ် မတ် ၂၁

၂၀၁၄ ခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲကို ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့ အီစတာဒီယိုဒါလွတ် အားကစားကွင်းကြီး၌ ကျင်းပမည်ဖြစ်ကြောင်း ယူအီးအက်ဖ်အေ အမှုဆောင်ကော်မတီက မတ် ၂၁ ရက်တွင် ကြေညာသည်။

အဆိုပါပြိုင်ပွဲတွင် ပေါ်တူဂီနိုင်ငံ၏မြို့တော် လစ္စဘွန်း၌ ၁၉၆၇ ခုနှစ်က ဥရောပဖလားဗိုလ်လုပွဲအပြီး ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်သည်။ ထိုစဉ်က ဆဲလ်တစ်အသင်းက အင်တာမီလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ဥရောပဖလား ဆွတ်ခူးခဲ့သည်။

တုရင်မြို့၌ ထို ၂၀၁၄ ခုနှစ်တွင် ယူရိုပါလိဂ်ဗိုလ်လုပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ တုရင်မြို့၌ ကျင်းပမည့်အားကစားကွင်းသည် ဂျူဗင်းတပ်စ်အသင်း၏ ကွင်းသစ်ကြီးဖြစ်သည်။ **(အင်တာနက်)**

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား Tasaki Shinju Co., Ltd. မှ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၂၁

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား Tasaki Shinju Co.,Ltd. မှ Board Directorနှင့် Chief Financial Officer Mr. Takaya Iida ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် မြန်မာတာဆာကီကုမ္ပဏီတို့ ဖက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးကြပြီး မုတ်ကောင်မွေးမြူရေးနှင့် ပုလဲထုတ်လုပ်ရေးလုပ်ငန်း စာချုပ်သက်တမ်းကာလ တိုးမြှင့်ရေး၊ မုတ်ကောင်မွေးမြူရေးလုပ်ငန်းနှင့် ပုလဲထုတ်လုပ်ရေးတို့ကို နှစ်စဉ်တိုးမြှင့် ဆောင်ရွက်ရေး၊ ကမ္ဘာကြိုက် မြန်မာ့ရွှေရောင်၊ ငွေရောင်ပုလဲများကို အဆင့်မီစွာ အရည်အသွေးရောအရေအတွက်ပါ တိုးမြှင့်ထုတ်လုပ်ရေးတို့အတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းရော အခမဲ့ဆေးခန်းဖွင့်ပွဲကျင်းပ

နေပြည်တော် မတ် ၂၁

ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်သော တိုင်းရော (အခမဲ့) ဆေးခန်းဖွင့်ပွဲ အခမ်းအနားကို မတ်၁၉ ရက် နံနက် ၈ နာရီတွင် ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက်ရှိ အဆိုပါ ဆေးခန်း၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဦးစန်းမောင်က အခမဲ့ဆေးခန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူငွေများပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့်ဇနီး ဒေါ်ခင်ဌေးမြင့် မိသားစု၏ အလှူငွေကျပ်သိန်း ၅၀၊ ကရုဏာလူမှုရေးကူညီမှုအသင်း၏ အလှူငွေကျပ် ၂၅ သိန်း၊ တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ အလှူငွေကျပ်ငါးသိန်း၊ တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးကော်မတီ၏ အလှူငွေကျပ်တစ်သိန်း အပါအဝင် အလှူရှင်များက အလှူငွေစုစုပေါင်း ငွေကျပ် ၁၂၁ သိန်းကျော်ကိုလည်းကောင်း၊ ကုန်တင်ယာဉ်ပိုင်ရှင်များအသင်းက ၃၂ လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံးကို လည်းကောင်း လှူဒါန်းကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဆေးခန်းကိုကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ပုသိမ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ အဖွဲ့ခွဲဝင်များ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့်တွေ့ဆုံ

နေပြည်တော် မတ် ၂၁

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်သည် မတ် ၁၉ ရက် နံနက် ၁၀ နာရီတွင် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ အစည်းအဝေးခန်းမ၌နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ အဖွဲ့ခွဲဝင်များ၊ ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံကြမည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တွေ့ဆုံပြီး ကြိုတင်မဲပေးမှုနှင့် ပတ်သက်၍ လည်းကောင်း၊ ကြားဖြတ်ရွေးကောက်ပွဲတွင် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့မှ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို လည်းကောင်း အသေးစိတ်ရှင်းလင်း မှာကြားသည်။

ထို့နောက် ဇမ္ဗူသီရိ၊ ပုဗ္ဗသီရိ၊ ဥတ္တရသီရိနှင့် ဒက္ခိဏသီရိမြို့နယ်များမှ ရပ်ကွက်နှင့် ကျေးရွာကော်မရှင် အဖွဲ့ခွဲဝင်များက သိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုသိမ်သူ သင်္ဘောနစ်မြုပ်၊ ခရီးသည် ၁၀ဦးသေဆုံး

နေပြည်တော် မတ် ၂၁

ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်နှင့် ငပုတောမြို့နယ် သရက်တောကျေးရွာသို့ ပြေးဆွဲလျက်ရှိသော ပုသိမ်သူ(၁၁) အမြန်ရေယာဉ်သည် မတ် ၂၀ ရက် ညနေ ၃ နာရီခန့်တွင် ငဝန်မြစ်အတွင်း၌ မတော်တဆတိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်းသိရသည်။

အဆိုပါ အမြန်ရေယာဉ်သည် မတ် ၂၀ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ပုသိမ်မြို့မှ ထွက်ခွာခဲ့ပြီး ငပုတောမြို့နယ် အုတ်ပုံရေကျော်အုပ်စု ကံဆိပ်ကျေးရွာသို့ရောက်ရှိစဉ် ဆင်းမည့်ခရီးသည်များအား တံတားသို့ကပ်ပေးရာမှ ညနေ ၃ နာရီခန့်တွင် တိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး ခရီးသည် ၁၀ ဦးသေဆုံးကာ ခရီးသည် ၇၂ ဦးနှင့် ရေယာဉ်အမှုထမ်းသုံးဦးအား အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ၎င်းအနက်မှ ခရီးသည်ခြောက်ဦးအား ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရသည်။

သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့က အဆိုပါ ရေယာဉ်နစ်မြုပ်မှုတွင် ပါဝင်သော သေဆုံးသူများ၏ မိသားစုများနှင့် ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသူများအား ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် နစ်မြုပ်ရေယာဉ်ကို ဆယ်ယူရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





ကလေးများအတွက် ဝိုင်းဝန်းလို့ ဝက်သက်ရောဂါတိုက်ဖျက်စို့

"အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း ၂၀၁၂"

၂၀၁၂ ခုနှစ်၊ မတ်လ ၂၂ ရက်မှ ၃၁ ရက်အထိ

တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်ပါသည်။

အသက် ၉ လမှ ၅ နှစ်အတွင်း ကလေးငယ်များအားလုံးကို

မပျက်မကွက် ခေါ်ဆောင်လာ၍ ကာကွယ်ဆေးထိုးကြရန်

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လေကြောင်းပညာသိပ္ပံတွင် မြန်မာ့လေကြောင်းဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် မြန်မာ့လေကြောင်း ဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် မတ် ၂၁

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် မတ် ၁၈ ရက် နံနက် ၉ နာရီခွဲတွင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လေကြောင်းပညာသိပ္ပံ၌ မြန်မာ့လေကြောင်းမှဝန်ထမ်းများနှင့် တွေ့ဆုံ၍ မြန်မာ့လေကြောင်းသည် အခြားလေကြောင်းလိုင်းများနှင့်အတူ စီးပွားရေးဆန်ဆန်နှင့် နိုင်ငံအကျိုးပြုရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် 3D Air Traffic Control Simulator အဆောက်အအုံပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျွမ်းကျင်မှုစွမ်းရည်ပြိုင်ပွဲများ ကျင်းပ

နေပြည်တော် မတ် ၂၁

မေ ၁ ရက်တွင် ကျရောက်မည့် အလုပ်သမားနေ့အထိမ်းအမှတ် ကြိမ်ထိုးစွမ်းရည်ပြိုင်ပွဲကို မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်အသင်းသစ် အခြေခံသင်တန်းကျောင်း (မြောက်ဒဂုံ)၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပရာကြိမ်ထိုးကျွမ်းကျင်လုပ်သားများ အဖွဲ့ ရှစ်ဖွဲ့ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

မွန်းလွဲ ၂နာရီကလည်းပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အဆောက်အအုံရှိ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၌ ဖိနပ်ချုပ်ပြိုင်ပွဲ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲများသို့ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ကြသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအလေ့အကျင့် အလေးဂရုပြု လိုက်နာမှသာ...

ရန်ကုန် မတ် ၂၁

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ ယာဉ်မတော်တဆဖြစ်မှုလျော့နည်းကျဆင်းရေးတို့နှင့်စပ်လျဉ်း၍ မိမိတို့စာပေ မိတ်ဆွေများက စာနယ်ဇင်းများမှတစ်ဆင့် စဉ်ဆက်မပြတ် လှုံ့ဆော်ရေးသားတင်ပြလျက်ရှိသည်။

သို့စေကာမူ . . . ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုအားနည်းခြင်း၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များနှင့် မိမိတို့လမ်းအသုံးပြုသူတို့၏ သတိမမူပေါ့ဆမှုတို့ကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားကာ အသက်ဆုံးရှုံးမှု ဖြစ်စဉ်များကား မြို့ကြီး ပြကြီးများ၌သာမက နယ်မြို့များ၌ပင်လျှင် နေ့စဉ်တိုး၍တိုး၍ ဖြစ်ပေါ်နေကြောင်း ကြားသိမြင်တွေ့နေရသည်။

ယခုလပိုင်း မွေးရပ်မြေ မုဒုံမြို့သို့ရောက်ရှိစဉ်အတွင်း ယာဉ်မတော်တဆဖြစ်မှုကြောင့် ပညာတတ်လူငယ်နှစ်ဦး တိမ်းပါးခဲ့မှုကို ဝမ်းနည်းဖွယ်၊ သင်ခန်းစာယူဖွယ် အဖြစ် ဖော်ပြလိုပါသည်။

တစ်ဦးမှာ အသက် ၁၉ နှစ် ရန်ကုန်သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် တတိယနှစ်ကျောင်းသား မောင်ဇင်ဝေဖြိုး၊ ရန်ကုန်တွင် ယာဉ်တိုက်ခံရမှုကြောင့် ဖေဖော်ဝါရီ ၂၃ ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ တိမ်းပါးခဲ့ပြီး မုဒုံမြို့တွင် ပြန်လည်သဂြိုဟ်ခဲ့မှုနှင့် ကျန်တစ်ဦးမှာ မုဒုံမြို့ အထက(၂)မှ ကျောင်းအုပ်ဆရာမကြီး၏ ခင်ပွန်း အသက် ၃၈ နှစ် သင်္ဘောသား ကိုမင်းဗညားအောင် မုဒုံ-မော်လမြိုင်ကားလမ်းတွင် မော်တော်ဆိုင်ကယ်မှောက်မှုကြောင့် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးမှတစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသသော်လည်း မတ် ၁၄ ရက်တွင် တိမ်းပါးခဲ့ပြီး ရန်ကုန်၌ပင် သဂြိုဟ်ခဲ့မှုတို့ဖြစ်သည်။

မိမိတို့ငယ်စဉ်ကမုဒုံတစ်မြို့နယ်လုံးမှာမှမော်တော်ဆိုင်ကယ်စီးရေဆယ်ဂဏန်းမျှပင်မရှိ၊ ယခုမြို့ပေါ်ရှိ အိမ်တိုင်းနီးပါးမျှ မော်တော်ဆိုင်ကယ်ရှိလာကြသည်။ အချို့အိမ်များတွင် နှစ်စီး၊ သုံးစီးထက်ပင်ပိုရှိနေကြပြီ၊ အရွယ်ရောက်ပြီး ကျား၊ မ လူငယ်အားလုံး ဟိုနား၊ ဒီနားကိုပင် မော်တော်ဆိုင်ကယ်ဖြင့် မောင်းနှင်သွားလာနေကြသည်။ စည်းကမ်းတကျ စီးနင်းမောင်းနှင်သူများရှိသကဲ့သို့ စည်းမဲ့၊ ကမ်းမဲ့ အရှိန်ပြင်းစွာ မောင်းချင်သလို မောင်းနေကြသူများလည်း အများအပြားရှိသည်။

(အံ့ဩရသည်မှာ- မိမိ မုဒုံမြို့တွင် တစ်လနီးပါးရှိခဲ့စဉ်အတွင်း မြို့၏ မြို့ဝင်၊ မြို့ထွက်၊ လမ်းဆုံလမ်းခွ၊ အဝိုင်းပတ်နေရာတို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းကြပ်မတ်ပေးမည့် တာဝန်ရှိသူ တစ်ဦးတစ်ယောက်မျှ မတွေ့မမြင်ခဲ့ခြင်းပင်ဖြစ်သည်။)

မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ၂၀၁၀ ခုနှစ် တစ်နှစ်လုံးတွင် ယာဉ်မတော်တဆမှု အကြိမ် ၉၀၂၀ ဖြစ်ပွားပြီး ဒဏ်ရာရသူ ၁၆၀၁၃ ဦးနှင့် သေဆုံးသူ ၂၄၆၁ ဦးရှိခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ယာဉ်မတော်တဆမှု ၁၀၁၂၃ ကြိမ် ဖြစ်ပွားပြီး ဒဏ်ရာရသူ ၁၇၀၈၀နှင့် သေဆုံးသူ ၂၇၉၆ ဦး ရှိကြောင်း သိရှိရသည်။

ဤသည်ကို ကြည့်ခြင်းဖြင့် လူဦးရေတိုးတက်များပြားလာခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စီးရေ တိုးတက်များပြားလာခြင်းနှင့်အတူ ယာဉ်မတော်တဆဖြစ်မှုများလည်း လျော့နည်းသွားခြင်းမရှိ တိုး၍သာ ဖြစ်ပေါ်နေကြောင်း ပြဆိုလျက်ရှိပေသည်။

သို့ဖြစ်ရာ ယာဉ်မတော်တဆဖြစ်မှုများ လျော့နည်းကျဆင်းရေးအတွက် မြို့ကြီး၊ ပြကြီးများ၌ကဲ့သို့ နယ်မြို့များတွင်ပါ ဟောပြောသရုပ်ပြပွဲများ၊ ပညာပေး၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို စဉ်ဆက်မပြတ်ပြုလုပ်ပေးခြင်း၊ လိုအပ်သောနေရာများ၌ အချက်ပြ မီးပွိုင့်များ တိုးချဲ့တပ်ဆင်ပေးခြင်း၊ ထိန်းသိမ်းကြပ်မတ်ပေးမည့် တာဝန်ရှိသူများအား တိုးချဲ့စောင့်ကြည့်စေခြင်းနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၊ လမ်းအသုံးပြုသူ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအားလုံးလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အလေ့အကျင့်များကို အလေးဂရုပြုကာ သတိတရားကို အသိဉာဏ်ဆင့်ပွားကာ ဝိုင်းဝန်းလိုက်နာသွားကြရန် လိုအပ်မည် ဖြစ်ပါသည်။ သို့မှသာ "အသက်ဉာဏ်စောင့်" ဆိုသကဲ့သို့ ယာဉ်မတော်တဆဖြစ်မှုကြောင့် အသက်အန္တရာယ်ဆုံးရှုံးမှုများလျော့နည်းသွားမည် ဖြစ်ပါကြောင်း. . .။ ။

အောင်ချစ်သန်း

သွားရှိလျှင် သွားတိုက်ပါ၊ သွားမရှိလျှင် သွားစိုက်ပါ

ဒေါက်တာမိုလာ

ဒေါက်တာနိုးနှင့် မောင်အတ္တာဆိုသူနှစ်ယောက်သည် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၃)လမ်းရှိ လေထန်ကုန်းလက်ဖက်ရည်ဆိုင်တွင် စကားပြောနေကြပြီး ဒေါက်တာနိုးသည် အရာရာတိုင်းကို သိသလို၊ တတ်သလိုနှင့် စာပေဝိုင်းနှင့် လက်ဖက်ရည်ဝိုင်းများတွင် ဦးဆောင်ဆွေးနွေး ဖြေရှင်းပေးလေ့ရှိသူတစ်ယောက်ဖြစ်သည်။ မောင်အတ္တာဆိုသူကား အညာအရပ်မှလာရောက်ပြီး စကားပြောတိုင်း စကားဦးမသန်းမီ "အတ္တာအတ္တာ" ပြောတတ်လွန်း၍ မောင်အတ္တာဟု လက်ဖက်ရည်ဝိုင်းတွင် နာမည်တွင်ပါသည်။

မောင်အတ္တာ ။ ဆရာရေ ကျန်းမာရေးနဲ့ပတ်သက်လို့ "အတ္တာ"အကြောင်း ပြောချင်တယ်။

ဒေါက်တာနိုး။ ဘာလဲကွ . . . အတ္တာ . . . လာပြန်ပြီလား။

မောင်အတ္တာ ။ ဩော် . . မှားသွားလို့ပါ အတ္တာဖြစ်ဖြစ်သွားတယ်။ ဒီလိုပါ လူတွေ သွားတိုက်တယ်လို့ ပြောပြောပြီး သွားမကောင်းကြဘူး။ ဘတ်စ်ကားပေါ်မှာ၊ ဈေးတန်းတွေမှာလည်း ကြားကြားနေရတယ်။ ကြားရရင်လည်း ဆေးမြီးတိုလေး ငုံပြီးထားတာနဲ့ သူတို့ကြည့်လိုက်ရင် ပါးစပ်တစ်ခုလုံးမှာ သွားနှစ်ချောင်းလောက်ပဲ ကျန်တော့တယ်။ အဲဒါဘာကြောင့်လဲ။

ဒေါက်တာနိုး။ ဒါကဒီလိုရှိတယ်ကွ။ သွားကျန်းမာရေးပညာပေး အသိတရားတွေ မကျယ်ပြန့်လို့ပဲပေါ့။ များများသိအောင် ဒီလိုသတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ တီဗွီ၊ ရုပ်ရှင်တွေထဲက နားဝင်အောင်၊ အသိတရားပြောင်းလဲအောင် လုပ်ပေးနိုင်ရင် လူတွေရဲ့ အတွေးအခေါ်တွေပြောင်းသွားမယ်။

မောင်အတ္တာ ။ သွားတိုက်တာလေးများနဲ့ လူတွေရဲ့အတွေးအခေါ်ဘာလို့ပြောင်းလဲရမှာလဲ. . .။

ဒေါက်တာနိုး။ ပြောင်းတာပေါ့ကွ။ လူတွေရဲ့အသိမှား၊ အမြင်မှားတွေကို ဘယ်သူတွေက ပြုပြင်ပေးမှာလဲ။ လူတစ်ဦးတစ်ယောက်က ရောဂါဖြစ်လာရင်တော့ ဆေးရုံ၊ ဆေးခန်းသွားတဲ့အကျင့်နဲ့ ဖြစ်လာတဲ့ရောဂါကို ဆရာဝန်က ပြောတာပဲ မှတ်ထားလိုက်တယ်။ ဒါပဲပြီးသွားပြီလေ။

မောင်အတ္တာ ။ ဒါဆို ဒီလိုမလုပ်ရင် ဘာလုပ်ရမှာလဲ။ တခြားအတ္တာ ဘာရှိသေးလဲ။

ဒေါက်တာနိုး ။ ဘာအတ္တာမှမရှိဘူး။ ဆရာဝန်တစ်ယောက်ဆေးကုရင် လူနာတစ်ယောက်ကိုပဲ ရောဂါနဲ့နွှယ်တာကိုပဲ ကုသနိုင်တယ်။ ဆရာဝန်တစ်ယောက်က ပညာပေးအနေနဲ့ရေးတာတွေ၊ ပြောတာတွေ၊ စာပေတွေကနေ ဖော်ပြလိုက်ရရင် လူတစ်ယောက်တလေ မဖတ်ဖြစ်တာ၊ နားမထောင်ဖြစ်တာကို နုတ်လိုက်ရင် လူနာအယောက် ၁၀၀ မှာ ၄၀ လောက်ကတော့ ပညာပေးအသိ တရားတွေ၊ ဆင်ခြင်စရာတွေ၊ မှားနေတဲ့အတွေးအခေါ်တွေ ပြောင်းလဲနေတာတွေ သိလာမယ်။ ဆရာစုံတွေကလည်း ရေးကြ၊ ပြောကြမယ်ဆိုရင် လောကကြီးမှာ ပြည်သူလူထု ကျန်းမာရေးတွေ ကောင်းလာမယ်။ ကြိုတင်ကာကွယ်ခြင်းက ကုသခြင်းထက် ထိရောက်တယ်ဆိုတဲ့ စကားလုံးတွေလည်း မှန်လာမှာပဲ။

မောင်အတ္တာ ။ ဒါတွေလည်း ဟုတ်တာပဲ. . .၊ ဆရာ. . . ဒါနဲ့ ရေးသား ပြောကြားသူက မှားနေရင်တော့ကော. . .။

ဒေါက်တာနိုး။ ဒါလည်းမင်းပြောသလိုပဲ "အတ္တာ"ဖြစ်ကုန်မှာပေါ့။ မင်းကိုယ်တိုင်ပဲ တွေးကြည့်တော့ပေါ့. . .။

မောင်အတ္တာ ။ ဆရာပဲပြောပါတော့. . .။

ဒေါက်တာနိုး။ စာရေးဆရာ **စာရေးမှားခဲ့ရင် တိုက်ပွဲတဲ့**။ ဘယ်ဟာက မှန်တယ်၊ မှားတယ် အငြင်းပွားနေတော့တာပဲကို။

မောင်အတ္တာ ။ ဩော် ဒီလိုလား. . .ကဲ. . ဆရာ သွားကောင်းအောင် ဘာလုပ်ရမှာလဲ ပြောပြပါတော့။

ဒေါက်တာနိုး။ ဒေါက်တာမိုလာကတော့ သွားရှိရင်သွားတိုက်ပါ။ သွားမရှိရင် သွားစိုက်ပါတဲ့။ ဒါဆို သွားရောဂါကို ကာကွယ်ပြီးသားပဲတဲ့။

မောင်အတ္တာ ။ ဘယ်လိုကြီးလဲ၊ သွားရှိရင်သွားတိုက်တာနဲ့ သွားမရှိတာနဲ့ သွားစိုက်တာနဲ့ကောင်းရောလား၊ ဒါလေးပဲလား။

ဒေါက်တာနိုး။ ကျန်တဲ့ကူးစက်ရောဂါတွေတော့ မပါဘူးပေါ့ကွာ၊ သွားကောင်းဖို့ပဲပေါ့။ လူတွေမှာ သွားမရှိတဲ့အချိန် ဘယ်အချိန်လဲ ပြောပါဦး။

မောင်အတ္တာ ။ ကလေးတွေဆိုရင် မွေးဖွားပြီး ခြောက်လမတိုင်မီနဲ့ အသက်ကြီးလာတဲ့အခါ သွားရောဂါကြောင့် သွားနုတ်ထားလို့ (ဒါမှမဟုတ်)သွားတွေကျွတ်ထွက်သွားတဲ့ အခါတွေမှာ သွားမရှိဘူးပေါ့။ ဒီအချိန်ကတော့ တစ်ယောက်နဲ့တစ်ယောက် မတူဘူးပေါ့။

ဒေါက်တာနိုး။ အေး-နောက်ဆုံးတော့ ပြန်ပြီးခြုံပြောရရင် လူတစ်ယောက်ရဲ့ အသက်ရှင် နေထိုင်တဲ့ဘဝတစ်ခုမှာ သွားရှိတဲ့သူနဲ့ သွားမရှိသူပဲ ထွက်လာတော့တာပဲလေ။ သွားရှိတဲ့သူက သွားကိုပိုပြီး ကောင်းမွန်အောင် သွားကျန်းမာရေးအသိတရား နားလည်ပြီး ဂရုစိုက်ရင် ကောင်းနေတဲ့သွားက ပိုကောင်းမှာပဲ။ သွားမရှိတဲ့သူ ရှိလာအောင် ပြန်ဖြည့်ဆည်းပေးရင် ပြန်ပြီးတော့အသုံးဝင်လာမှာ၊ သွားမရှိတဲ့ဆိုးကျိုးဆိုတာရှိပြီး သွားရှိတဲ့ ဆိုးကျိုးဆိုတာ နည်းပါတယ်။

မောင်အတ္တာ ။ ကဲပါဆရာရယ် သွားရှိတဲ့သူတွေအကြောင်း စပြောပါတော့။

ဒေါက်တာနိုး။ သွားရှိတဲ့သူတွေမှာက ဖြစ်နိုင်တဲ့ရောဂါက နှစ်မျိုးရှိနိုင်တယ်ကွာ။ သွားပိုးစားရောဂါနဲ့ သွားဖုံးရောဂါပဲပေါ့။ ဒီရောဂါတွေရဲ့ အခြေခံကလည်း အဓိကဖြစ်ပွားရတဲ့ အကြောင်းရင်းကတော့ သွားမတိုက်လို့ပဲပေါ့။

မောင်အတ္တာ ။ သွားပိုးစားရောဂါကိုပဲ အရင်ပြောပါတော့။ ဘယ်ကစဖြစ်ပြီး ဘာလုပ်ရင် ပျောက်မလဲပေါ့။ ပြီးတော့ သွားဖုံးရောဂါပြောပေါ့ ဆရာ။

ဒေါက်တာနိုး။ မင်းက ငါ့ကိုဆရာလုပ်နေပြန်ပြီ။

မောင်အတ္တာ ။ ဆရာ ပိုပြီးရှင်းရတာလွယ်အောင်လို့ပါ. . .၊ ခွဲခြားပြောတော့ တန်းပြီး နားလည်တာပေါ့. . .။

ဒေါက်တာနိုး။ ဒီလိုကွာ. . . သွားဟာ မွေးကတည်းကတော့ အကောင်းပေါ့။ နောက်ပိုင်းကျ သွားတွေက အပေါက်တွေပေါ်လာတယ်။ ဒီသွားပေါက်တွေကို သွားပိုးစားလို့ပြောပြီး ဆေးမြီးတိုတွေ၊ အကိုက်အခဲပျောက်ဆေးတွေ၊ ငုံဆေးတွေနဲ့ ကြားဖူးနားဝနဲ့ လုပ်နေကြတာပဲ။ ဒီတော့ သွားပိုးစားပေါက်ကနေ မဖြစ်သင့်တာတွေ ဖြစ်တာပေါ့။ နောက်ဆက်တွဲတွေလည်း ခံစားရတာပေါ့။

မောင်အတ္တာ ။ ဘာလဲ နောက်ဆက်တွဲဆိုတာက. . .။

ဒေါက်တာနိုး။ အမေရိကန်နိုင်ငံရဲ့ ကလေးအများစု ကျောင်းပျက်တဲ့ အကြောင်းရင်းက သွားကိုက်လို့တဲ့။ သွားကိုက်ပြီဆိုရင် ဘယ်လိုခံစားချက်နဲ့မှ မတူတဲ့အတွက် အရေးပေါ်ဆေးတွေနဲ့ လုပ်ချင်တာတွေလုပ်ကြတယ်။ ဒီတော့ မဖြစ်သင့်တာတွေဖြစ်တယ်။ သွားပိုးစားတာရဲ့ နောက်ဆက်တွဲက သွားကိုက် သွားနာတာအပြင် အစာစားမရတာတွေ၊ ညအိပ်မရတာတွေ၊ အလုပ်လုပ်လို့မရတာတွေ။ နောက်ပြီး သွားဖုံးရောင်မယ်၊ သွားလှုပ်လာမယ်၊ သွားမြစ်ဝန်းကျင်မှာ ပြည်တည်မယ်၊ ရောင်ရမ်းမယ်၊ တစ်ခါတလေ မျက်နှာတွေပါ ရောင်ရမ်းလာမယ်၊ တစ်ခါတလေ တချို့က ပါးစပ်ဟမရလို့ ရောဂါကိုကုဖို့အတွက် ရိုးတွင်းရောင်ရမ်းတာတွေပါ ဖြစ်လာရင် မျက်နှာဘက်ကနေ ခွဲစိတ်ရတယ်။ ပထမဆုံး အမေရိကန်သမ္မတကြီး ဂျော့ဝါရှင်တန်ဆိုရင် သွားမကောင်းလို့ သွားမရှိဘူး။ အံသွားက မျက်နှာပြောင်းတာ မသိသာပေမယ့် ရှေ့သွားကျရင်တော့ မျက်နှာတွေ၊ ဥပမိတွေ ပြောင်းသွားတာပဲလေ။

မောင်အတ္တာ ။ ဒီလိုဆိုတော့ ကြောက်စရာကြီး။ ဒီတော့ ရောဂါဖြစ်နေတဲ့ သွားကို ကောင်းအောင် ဘာလုပ်ရမှာလဲ။

ဒေါက်တာနိုး။ ကိုယ့်သွားကို မှန်မှာစစ်ဆေးကြည့်ရမယ်။ အပေါက်တွေရှိနေရင် ကြိုတင်ဖာထေးရမယ်။ နောက်ပြီး ကျန်တာတွေ နာလာတာတွေရှိလာရင် ဆရာဝန်ဆီ အကြံဉာဏ်ရယူရမယ်။ စောစောရောက်လေ ကောင်းလေပဲဟေ့။ တကယ်လို့ နောက်ကျနေရင်တော့ တခြားမနုတ်ရတဲ့နည်းကိုလည်း တိုင်ပင်ခံယူသင့်တယ်။

မောင်အတ္တာ ။ ဒါနဲ့ဆရာ၊ သွားပိုးစားရောဂါက ဘာလို့ဖြစ်လာရသလဲ။

ဒေါက်တာနိုး။ လူတွေက ပုံမှန်နေ့စဉ်သွားမတိုက်ဖြစ်ကြဘူးလေ။ ဒီတော့ စားထားတဲ့ သွားမျက်နှာမှာ ကပ်တွယ်နေတဲ့ စားကြွင်း စားကျန်တွေက ဆေးကပ်တယ်ဆိုရင် ကြာလာတော့ အချဉ်ဖောက်တဲ့နည်းဖြစ်စဉ်နဲ့ သွားပိုးစားပေါက် ဖြစ်လာတာတဲ့။ ပိုးကောင်က စားတာတော့ လုံးဝမဟုတ်ဘူး။

မောင်အတ္တာ ။ သွားဖုံးရောဂါဖြစ်တာကော။

ဒေါက်တာနိုး။ သွားဖုံးရောဂါလည်း အဓိကအကြောင်းရင်းကတော့ သွားမတိုက်လို့ပဲ။ သွားမတိုက်တော့ နေ့စဉ်နဲ့အမျှ သွားမျက်နှာပြင်နဲ့ သွားဖုံးဝန်းကျင်တွေမှာ ပလပ်နဲ့ ဗက်တီးရီးယားနဲ့စုပြီး အဆိပ်အတောက် (Toxin) တွေ ထွက်လာပြီး သွားဖုံးရောင်ရောဂါ ဖြစ်တယ်။ သွားဖုံးရောင်ရောဂါကနေ သွားဖုံးနဲ့သွား အမြေးပါးတွေ ရောင်ရမ်းနာကျင်ပြီး သွားကျဉ်လာတာနဲ့ ကျွတ်ထွက်သွားတာပဲ။

မောင်အတ္တာ ။ ရှေ့ပြေးခံစားရတာမရှိဘူးလား။

ဒေါက်တာနိုး။ ရှိတော့ရှိတာပေါ့။ ထူးခြားတာက သွားပိုးစားရောဂါလို မဟုတ်ဘူး။ နာခြင်း၊ ကိုက်ခြင်း မရှိဘူးလေ။ ဒီတော့ ဘာကိုမှမကြောက်ဘူးပေါ့။ တခြားအချက်က သွားတွေမှာ သွားဖုံးတွေက သွေးထွက်တယ်။ သွားဖုံးတွေနီရဲတယ်။ သွားဖုံးကိုကြည့်ရင်လည်း ဖောင်းကြွပြီး ကျန်းမာတဲ့သွားဖုံးနဲ့ နှိုင်းယှဉ်ကြည့်ရင် သိသိသာသာကြီး ကွဲပြားတယ်။

မောင်အတ္တာ ။ ဒီလိုပဲ ဘယ်လိုလုပ်မလဲ။

ဒေါက်တာနိုး။ သွားပိုးရောဂါဖြစ်ဖြစ်၊ သွားဖုံးရောဂါပဲဖြစ်ဖြစ် ဘာမှမဖြစ်ခင်မှာ သွားတိုက်ရမှာပဲ။ ဒါကြောင့် သွားရှိရင် သွားတိုက်ပါလို့ပြောတာပေါ့။

မောင်အတ္တာ ။ သွားတိုက်တာက ဘာထူးဆန်းတာရှိလို့လဲ။ နေ့တိုင်းလုပ်နေတာပဲလေ။

ဒေါက်တာနိုး။ သွားတိုက်တာက ပြောရတာတော့ လွယ်တယ်ကွ၊ လက်တွေ့ကျမလုပ်ဖြစ်တာ ခက်ခဲတယ်။ သွားတိုက်တဲ့အခါ အချက်တွေရှိတာပဲ။

မောင်အတ္တာ ။ ဘာအချက်တွေလဲဆရာ။

ဒေါက်တာနိုး။ နေ့စဉ်လည်း ဖြစ်ရမယ်။ အချိန်မှန်လည်းဖြစ်ရမယ်။ ပြီးတော့ သွားတိုက်တဲ့စနစ်ကလည်း မှန်ရမယ်ကွ။ ဒီလိုပြောတော့ ခက်ခဲလာတော့တာပေါ့။ နေ့တိုင်းမှတ်ထားကွာ။ သွားတိုက်ရင်(၁)နေ့စဉ်နေ့တိုင်း နံနက်စာစားပြီးတစ်ကြိမ်နဲ့ အိပ်ရာမဝင်မီတစ်ကြိမ် စနစ်မှန် သွားတိုက်ပေးဖို့ပဲ။(၂)စနစ်မှန် သွားတိုက်ပေးပါဆိုတာ သွားတော့တိုက်ပါတယ်။ သွားတိုက်တဲ့စနစ်မှားလို့ မဖြစ်ဘူးလေ။ သွားရဲ့မျက်နှာပြင်ပေါ်မှာ သွားတိုက်တံကို ၄၅ စောင်းပြီး အပေါ်အောက်ဆွဲချတဲ့နည်းနဲ့ တိုက်ပေးရမယ်။ ကန့်လန့်ဖြတ် သွားမတိုက်ရဘူး။ (၃)သွားမျက်နှာပြင်မှာရှိတဲ့ သွားပိုးစားပေါက်တွေ ဖာထေးရမယ်။ သွားနဲ့ သွားဖုံးကြားမှာရှိတဲ့ ကျောက်ခဲတွေ၊ ပလပ်တွေ ဖယ်ထုတ်ရမယ်။ သွေးထွက်နေတယ်ဆိုပြီး သွားဖုံးမျက်နှာပြင်ကို ညှာညှာတာတာမတိုက်ရဘူး။ ပုံမှန်သွေးထွက်နေပေမယ့် သွားနဲ့ သွားဖုံးတော့ တိုက်ပေးရမယ်။ (၄)အစာစားပြီးတိုင်း သွားမတိုက်ရင်တောင်မှ ပလုတ်ကျင်းပေးတာ၊ အရည်ရွှမ်းတဲ့ အသီးအနှံတွေ စားပေးရမယ်။ (၅)အချဉ်ပါတဲ့ အစားအစာတွေကို ပါးစပ်ထဲမှာ ကြာရှည်မထားရဘူး၊ အရည်ကို သောက်လိုက်မယ်ဆိုရင်တောင် ပိုက်နဲ့စုပ်ပြီး သောက်ရမယ်။ အချဉ်စားပြီးတဲ့အခါတိုင်း သွားမတိုက်ရဘူး။(၆)သွားမျက်နှာပြင် သန့်စင်ဖို့ မီးသွေး၊ ဆားကြမ်း၊ သဲ၊ ဆပ်ပြာတွေနဲ့ သွားမျက်နှာကို ကြမ်းကြမ်းတမ်းတမ်း အသုံးပြု မတိုက်ရဘူး။(၇)သွားတိုက်တံကို စုတ်ဖွာနေရင် အသုံးမပြုသင့်တော့ဘူး၊ သွားတိုက်တံကို သုံးလလောက်ပဲ အသုံးပြုသင့်တယ်။ ပြီးရင်တော့အသစ်တစ်ချောင်း ဝယ်သုံးရတော့မှာပဲ။ ကွမ်း၊ အရက်၊ ဆေးလိပ်သောက်တဲ့ အလေ့အကျင့်တွေ လျှော့ရမယ်၊ ပါးစပ်ထဲမှာ ခဲတံ၊ ဆေးတံတွေကို ကိုက်တဲ့အကျင့် ဖျောက်ရမယ်။(၈)အသုံးပြုတဲ့သွားတိုက်ဆေးမှာလည်း ဖလိုရိုဒ်ပါရမယ်။ ဖလိုရိုဒ်က သွားပိုးစားတာကို ကာကွယ်ပေးတယ်။ ကလေးတွေအတွက် သွားတိုက်ဆေးကို အသုံးပြုမယ်ဆိုရင်တောင် ပဲကြီးစေ့လောက်ပဲ သုံးရမယ်။ ကလေးကလည်း ပြန်ထွေးတတ်ရမယ်။ ဒါမှ ဖလိုရိုဒ်ပါတဲ့ သွားတိုက်ဆေးက ပါးစပ်ထဲကို မျိုမချမိမှာ၊ ဒါလောက်ဆိုရင်တော့ သွားတိုက်တာလေးကို အရေးမကြီးဘူးလို့ ပြောချင်သေးလား။

မောင်အတ္တာ ။ မပြောတော့ပါဘူး။ နောက်တစ်ခု ရှိသေးတယ်။ သွားမရှိတာနဲ့ ဘာလို့ သွားစိုက်ခိုင်းတာလဲ။

ဒေါက်တာနိုး။ အေး. . . မင်းတို့သိတာ ဒါလေးပဲကိုး။ စနစ်မှန် သွားစိုက်လိုက်ရင် ဈေးကြီးလည်း တစ်ကြိမ်ပဲပေါ့။ သွားတစ်ချောင်း နုတ်ပြီးတယ်ဆိုရင် သွားရဲ့ ရှေ့ဘက်၊ နောက်ဘက်၊ ပေါ်ဘက်၊ အောက်ဘက်စတဲ့ ဆန့်ကျင်ဘက်သွားတွေက ယိုင်တာတွေ၊ လဲသွားတာတွေ ဖြစ်သွားတာပဲ၊ ပြီးမသွားဘူး။ နောက်ဆက်တွဲက အစာညပ်တာတွေ၊ သွားပိုးစားတာတွေ၊ ဘယ်၊ ညာ မညီတာတွေ မျက်နှာပုံပန်းသဏ္ဌာန် ပြောင်းလဲတာတွေ၊ အားလုံးကို မကောင်းတော့တာတွေ ဖြစ်လာတော့တယ်။ အဆိုးဆုံးကတော့ နုတ်ပြီးသားသွားတွေကို ချက်ချင်းမစိုက်ဖြစ်တာဟာ ကြာမှစိုက်ရင် စိုက်ရတာခက်ခဲတာတွေ၊ သွားတွေကျွတ်လွယ်လာတာတွေ၊ ပါးစပ်ထဲမှာ တစ်ချောင်းကနေ တစ်ချောင်း၊ တစ်ချောင်းပြီးတစ်ချောင်း ဆက်လာတာနဲ့ သွားတွေမကျန်တော့ဘူး။ တကယ်လို့သာ သွားနုတ်ပြီးပြီးချင်း စိုက်ဖြစ်ရင်တော့ နဂိုသွားအနေအထားက နဂိုသွားအတိုင်းရှိနေမှာပဲ၊ ပြောင်းလဲတာတွေ မရှိဘူး။ သွားပျက်စီးတာနည်းမယ်။ သွားရှိပြီး သွားမစိုက်လို့ ပျက်စီးတာအပြင် သွားမရှိလို့ သွားမစိုက်တာနဲ့ ပျက်စီးဆုံးရှုံးတာတွေဟာ လက်ချိုးရေလို့ရတယ်ကွ၊ ဒီတော့ သွားမစိုက်တာနဲ့ ဆိုးကျိုးကိုလည်း စဉ်းစားဖို့ လိုလာပြီပေါ့၊ ဒါဆိုရင်နားလည်လား။

မောင်အတ္တာ ။ ရှင်းသွားပြီဆရာ၊ ဘာမှတော့မဟုတ်ဘူး။ မဟုတ်တာကို မလုပ်ဖြစ်တာများတယ်နော်။

ဒေါက်တာနိုး။ လူဆိုတာ တကယ်တမ်းကျ မသိလို့၊ နားမလည်ကြလို့ မလုပ်ဖြစ်ကြတာ၊ ဘယ်လိုနေရတယ်၊ ဘာတွေဖြစ်လာမယ်ဆိုတာတွေဟာ အကြောင်းနဲ့အကျိုးတရား ဆင်ခြင်တုံတရားတွေကို သဘောပေါက်ကြပါတယ်။ သိရင်သိတဲ့အတိုင်းလည်း လိုက်နာကြတာပဲ။ ဒီတရားတွေက အမှန်တွေနဲ့ ဆိုးကျိုးတွေနဲ့ နောက်ဆက်တွဲတွေ ပြောပြနိုင်ရင် ပါးစပ်ထဲမှာရှိနေတဲ့ သွားတွေဟာ ရောဂါကင်းဝေးပြီး ကျန်းမာတဲ့သွားတွေရှိနေမှာပဲ။ ဒါကြောင့် **ပြုံးအလှနောက်မှာ လှပသောသွားနဲ့ သန့်ရှင်းကျန်းမာသော သွားရှိရေးကို သွားရှိသူများက သွားတိုက်ပြီး သွားမရှိသူများက သွားစိုက်ခြင်းဖြင့် လောကအလှ၊ သဘာဝအလှကို ပြုံးပြုံးလေးနဲ့ အလှဆင်ကြပါစို့** လို့ ပြောချင်တာပေါ့။

မောင်အတ္တာ ။ ကောင်းလိုက်တာဆရာရယ်. . . . .။ ။

ဟားခါးမြို့နယ်၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တည်ဆောက်

နေပြည်တော် မတ် ၂၁

ချင်းပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆင့်သည် မတ် ၁၈ ရက် နံနက် ၉ နာရီခွဲတွင် ဟားခါးမြို့နယ် လမ်သုတ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးပြီး လမ်သုတ်ကျေးရွာ ဇလပ်နီ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။ **(ယာပုံ)** **(သတင်းစဉ်)**

တီကျသူ

ဘဝအမောပြေ

အာကာဟိန်း-ရေးသားသည်

တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့ မီးသတ်ဌာနသို့ အရေးပေါ်လိုင်းမှ ဖုန်းဝင်လာသဖြင့် တီကျသေချာသည့် ဝန်ထမ်းတစ်ဦးက ဖုန်းကိုင်ပြီး မေးမြန်းလေသည်။

ဝန်ထမ်း ။ ။ **ဟုတ်ကဲ့- မီးသတ်ဌာနကပါ။**

ဖုန်းပြောသူ ။ ။ မီးလောင်မှုဖြစ်နေလို့။

ဝန်ထမ်း ။ ။ **ဘယ်နေရာမှာ မီးလောင်နေတာလဲခင်ဗျာ။**

ဖုန်းပြောသူ ။ ။ မြို့တောင်ပိုင်း ဆင်ခြေဖုံးရပ်ကွက်မှာပါ။

ဝန်ထမ်း ။ ။ **ဟုတ်ကဲ့ သိပါပြီ။**

ဖုန်းပြောသူ ။ ။ ကျေးဇူးပြုပြီး မီးသတ်ယာဉ်တွေ မြန်မြန်လွှတ်ပေးပါ။

ဝန်ထမ်း ။ ။ **ဟုတ်ကဲ့ စိတ်ချပါ။**

ဖုန်းပြောသူ ။ ။ ကျေးဇူးပါပဲ။

ဝန်ထမ်း ။ ။ **ဒါထက် မီးသတ်ယာဉ်တွေကများတော့ ဘယ်ကားနံပါတ်နဲ့ ယာဉ်တွေ လွှတ်ပေးလိုက်ရမလဲ။**

ဖုန်းပြောသူ ။ ။ "ဗျာ"

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား

ခြောက်ခရိုင် အပြည်ပြည်ဆိုင်ရာ လက်ဝှေ့ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူး၍ ၂၀၁၂ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင်အပြည်ပြည်ဆိုင်ရာ လက်ဝှေ့ပြိုင်ပွဲကို ဧပြီ ၃ ရက်မှ ၆ ရက်အထိ မော်လမြိုင်ကျွန်းမြို့နယ်၌ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲသို့ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခုမှ ၂၅ နှစ်နှင့်အောက် အလွတ်တန်းအသင်းနှင့် ၁၈ နှစ်နှင့်အောက် အငယ်တန်းအသင်းနှစ်သင်းစီ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ထူးချွန်အားကစားသမားများအား တိုင်းဒေသကြီးကိုယ်စားပြုပုသိမ်ကလပ်အသင်းအတွက် စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၃-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ **ဒုက္ခတွေကို ဘယ်သူပေးတာလဲ** တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
၁၁း၀၀ အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တစတိလ မဟာထေရ်မြတ်၏ သိက္ခာထပ်မွေးနေ့မင်္ဂလာ
၄း၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၄း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချစ်မေတ္တာဖြင့်လှစေသူ** (အပိုင်း-၂၀)
၅း၄၀ အမျိုးသားသတင်းဆုပေးပွဲ အခမ်းအနား
၆း၀၀ MRTV-4 သတင်း
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၂၉)
၇း၁၀ Style ရှိမှ Star ဖြစ်မယ်
၈း၀၀ MRTV-4 သတင်း
၈း၃၀ ဒီမိုမွေးနေ့ (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)
၉း၂၀ The Shop Around The Corner (Part-49)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ**(အပိုင်း-၁၀၆)
၁၀း၂၀ အနုပညာမိုးကောင်းကင်
၁၀း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချစ်မေတ္တာဖြင့်လှစေသူ** (အပိုင်း-၂၁)
၁၂း၄၅ ဆီထွက်သီးနှံများထဲမှ **ဆီအုန်း**
၁း၄၅ ဒေါင်၏ရေကုထုံး
၂း၃၅ လက်ဖက်ရဲ့အဖော် နှစ်ပြန်ကြော်
၄း၁၀ မပြုမပြင် သဘာဝအသွင် ကျန်းမာရေးအတွက် မြကျောက်ရေစင်

✻ ရှေ့မှ

ရှေ့ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆွေးနွေးရာတွင် တင်ပြချက်များသည် မူသဘောဆန်သော်လည်း ဥပဒေအတွက် အထောက်အကူပြုမည့် ကိစ္စရပ်များဖြစ်သည့်အတွက် ခွင့်ပြုပေးရန် နာယကကြီးအား ကြိုတင် တင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုအစိုးရက တင်ပြလာသော ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံး ခန့်မှန်းခြေစာရင်းနှင့် ၂၀၁၂ ခုနှစ် ပြည်ထောင်စုဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေ(မူကြမ်း) ပြင်ဆင်တင်ပြချက်သည် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် မူလဥပဒေကြမ်းနှင့်စာလျှင် ပိုမိုသင့်တင့်ကောင်းမွန်လာသည်ကို တွေ့ရှိရပါကြောင်း ဝမ်းမြောက်စွာတင်ပြရပါကြောင်း။

တိုးမြှင့်ထောက်ပံ့

ပြည်ထောင်စုအစိုးရ အုပ်ချုပ်ရေးအဖွဲ့၏ မူလတင်ပြခဲ့သော အမျိုးသားစီမံကိန်းကို ပြည်ထောင်စုလွှတ်တော်က အကောင်းမြင်အပြုသဘောဖြင့် ပြင်ဆင်အတည်ပြုလိုက်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများအတွက် လစဉ်ထောက်ပံ့ငွေ တစ်လလျှင် ကျပ်ငွေ ၃၀၀၀၀ (ကျပ်ငွေသုံးသောင်း)အား လာမည့်ဘဏ္ဍာနှစ်အစမှ စတင်ခံစားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတူ မူလက လိုငွေ ၂၅၁၇၈၈၈ သန်းရှိနေရာမှ ယခုအခါ ၁၉၅၃၇၁၂ သန်းအထိ လျှော့ကျသွားပြီး လိုငွေအချိုး GDP မှာလည်း ယခင်က ၄ ဒသမ ၉၀ ရာခိုင်နှုန်းမှ ၃ ဒသမ ၈၀ ရာခိုင်နှုန်းသို့ လျှော့ကျခဲ့ပါကြောင်း၊ ထို့အတူ ချင်းပြည်နယ်အတွက်ကျပ်သန်း ၂၀၀၀ တိုးမြှင့်ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း။

အထက်ပါရလဒ်များသည် ပြည်ထောင်စုကိုယ်စားလှယ်များ၏ ကောင်းမွန်သော စိတ်ထားစေတနာမှန်များနှင့် ပြည်ထောင်စုအစိုးရအုပ်ချုပ်ရေးအဖွဲ့၏ တင်ပြလာမှုအား ထိန်းညှိကူညီဆောင်ရွက်မှု၊ တစ်နည်းအားဖြင့် တာဝန်အရ ဥပဒေနှင့်အညီ ဆောင်ရွက်မှုကို နားလည်လက်ခံပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့်သာ ဖြစ်ပါကြောင်း၊ သို့ရာတွင် အချိန်ရရှိမှု တိုတောင်းနည်းပါးမှု၊ စာရွက်စာတမ်း၊ စာအုပ်နှင့် အချက်အလက်များ မပြည့်စုံမှုကြောင့် ရာခိုင်နှုန်းပြည့် ပြည့်စုံကောင်းမွန်သော ညှိနှိုင်း၍ရရှိသော အတည်ပြုချက်များဖြစ်ရန် ခက်ခဲမှုများရှိခဲ့ပါကြောင်း။

သာပေါင်း မဲဆန္ဒနယ်မှ ဦးဝင်းသန်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ထို့ကြောင့် နောင်နှစ်များတွင် ဆွေးနွေးညှိနှိုင်းမှုအတွက် အချိန်လုံလောက်ရန်နှင့် လုပ်ဆောင်မှု လွယ်ကူချောမွေ့စေရန် ဥပဒေ၊ နည်းဥပဒေများကိုလည်း လေ့လာ သုံးသပ်ပြီး ပြင်ဆင်သင့်တာ ပြင်ဆင်၊ ဖြည့်စွက်သင့်တာ ဖြည့်စွက်ရန် လိုသည်ကို နာယကကြီးအား လေးစားစွာတင်ပြပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက အမျိုးသားစီမံကိန်းများကို စိစစ်အတည်ပြုရာတွင် စီမံကိန်းဆောင်ရွက်မှုကို နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် လုပ်ငန်းများရပ်ဆိုင်းထားရန်ဟု သတ်မှတ်ဖော်ပြထားခြင်း မရှိသော်လည်း အခြေအနေမှန်များကို အစိုးရအဖွဲ့သို့ အသိပေးနိုင်ခဲ့၍ စီးပွားရေးတွက်ခြေကိုက်မှု ရှိ/မရှိနှင့် ဖြစ်နိုင်စွမ်းရှိ/မရှိ သံသယရှိသောစီမံကိန်းများကို ပြန်လည်လေ့လာသုံးသပ်ပြီး သေချာစွာစိစစ်ပြီးမှ လုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန်လည်း အစိုးရအဖွဲ့အကြီးအကဲက သိရှိသွား၍ ယနေ့စိစစ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ရှင်းလင်းတင်ပြရလျှင် ဘဏ္ဍာငွေခွင့်ပြုချက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ကို ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုပေးခဲ့သော်လည်း သံသယရှိသော စီမံကိန်းများကို ပြည်ထောင်စုအစိုးရကစိစစ်ပြီး အတည်ပြုချက်ရမှသာ ထိုဘဏ္ဍာငွေများကို သုံးစွဲသွားရန် ပြည်ထောင်စုအစိုးရက သဘောတူဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ စက်ရုံ၊ အလုပ်ရုံများအား အခြေအနေမှန်များကို စစ်ဆေးစိစစ်ပြီး ယခုနှစ်မှစ၍ ပုဂ္ဂလိကသို့ လွှဲပြောင်းရေး၊ (PPP- Public Private Partnership) ဖြစ်ရေးအတွက် အစိုးရအဖွဲ့က ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က အမျိုးသားစီမံကိန်းများ စိစစ်အတည်ပြုဆုံးဖြတ်ရာတွင် တစ်ယူနစ်ကုန်ကျစရိတ်၊ တစ်ကေကုန်ကျစရိတ်များကို စိစစ်တွက်ချက်၍ ချင့်ချိန်နှိုင်းယှဉ်သုံးသပ်ပေးပြီး လွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုအစိုးရသို့ အသိပေးတင်ပြနိုင်ခဲ့ခြင်းကြောင့် ကိုယ်စားလှယ်များအား ကျေးဇူးတင်မှတ်တမ်းတင်ထားရှိရမည် ဖြစ်ပါကြောင်း။

အခွန်ရငွေသည် နိုင်ငံအတွက်အရေးကြီးသကဲ့သို့ အလေးထားရမည်ဖြစ်ပါကြောင်း၊ ယနေ့အချိန်တွင် သဘာဝအရင်းအမြစ်မှရရှိသော ရငွေများရှိနေပြီး ၎င်းငွေများသည် နောင်အနာဂတ်ကာလများတွင် တဖြည်းဖြည်းလျော့နည်းကုန်ဆုံးသွားကြမည်ဖြစ်ပါကြောင်း၊ နိုင်ငံပိုင်စီးပွားရေး (S O E - State Owned Enterprises) များမှ အမြတ်ငွေများသည်လည်း ရေရာသေချာမှုမရှိဘဲ အရှုံးဘက်ကိုသာ ဦးတည်နေခြင်း၊ အမြတ်ရသင့်သလောက် မရခြင်းများဖြစ်ပေါ်နေ၍ နိုင်ငံတော်အစိုးရက ပုဂ္ဂလိကပိုင်သို့လည်းကောင်း၊ (PPP- Public Private Partnership) သို့ လည်းကောင်း ပြောင်းလဲရန်ဆောင်ရွက်နေပြီး ဖြစ်ပေါ်တိုးတက်လာသော အခြေအနေအရ အခွန်ငွေများ ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ ထိုသို့ရရှိလာသော အခွန်ရငွေများဖြင့် ဝန်ထမ်းများ၏ လစာ၊ စရိတ်၊ အသုံးစရိတ်၊ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှု၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခန်းကဏ္ဍများတွင် ပိုမိုရင်းနှီးသုံးစွဲလာနိုင်တော့မည်ဖြစ်ပါကြောင်း။

သို့ရာတွင် ယခုတင်ပြသည့် ဥပဒေကြမ်းတွင် အခွန်အချိုး GDP ကို တိတိကျကျ ရှာဖွေတွေ့ရှိမှု မရှိသည့်အတွက် အခွန်ရငွေ သန်း ၁၆၄၄၂၇၄ နှင့် GDP သန်း ၅၁၃၈၂၉၈၅ ၏ အချိုးကို ချကြည့်ရာ ၃ ဒသမ ၂ ရာခိုင်နှုန်းခန့်သာရှိသည်ဟု တွက်ချက်၍ရရှိပါကြောင်း၊ ဖြစ်သင့်သည်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် GDP မည်မျှရှိ၍ အခွန်ရငွေမည်မျှရရှိအောင် ကောက်မည်။ ထို့ကြောင့် အခွန်အချိုး GDPသည် မည်မျှရှိသည်၊ ထိုကဲ့သို့ရရှိအောင် အခွန်ကောက်ခံရန်တာဝန်ရှိသည်၊ တာဝန်ခံရမည်ကို မြင်သာထင်သာရှိအောင် လွှတ်တော်သို့လည်း တင်ပြရန်လိုမည်ဟု သုံးသပ်ယူဆပါကြောင်း။

အခွန်ဥပဒေများ၊ အမိန့်ကြော်ငြာစာများထုတ်ဆင့်ပြဋ္ဌာန်း ဆောင်ရွက်နေသည်ဆိုသော်လည်း ပြည်ထောင်စုကိုယ်စားလှယ်များ၏ လက်ဝယ်ရောက်ရှိခြင်းမရှိသေး၍ အသေးစိတ်ဆွေးနွေးခြင်းမပြုနိုင်ခဲ့ပါကြောင်း၊ ပွင့်လင်းထင်သာမြင်သာရှိပြီး သင့်တင့်မျှတသောအခွန်ဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ ဖြစ်သည်ဟုကြားသိရပါကြောင်း၊ ထို့ကြောင့်ဥပဒေနှင့်အညီ အလေအလွင့်မရှိ အယိုအဖိတ်မရှိ အခွန်တိမ်းရှောင်မှုမရှိဘဲကောက်ယူရေးအတွက် တာဝန်ရှိသူများက တာဝန်ယူမှုအပြည့်ဖြင့် လိုက်နာလိုက်ပါဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ထိန်းညှိကူညီဆောင်ရွက်ပေးရမည့် အဖွဲ့အစည်းများကလည်း အထူးသဖြင့် ပြည်ထောင်စုကိုယ်စားလှယ်များကလည်း စေတနာမှန်ဖြင့် စနစ်တကျပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လွတ်လပ်သောအဖွဲ့အစည်းများ ထူထောင်ဆောင်ရွက်ရန်လည်း လိုအပ်ကောင်း လိုအပ်လာမည်ဖြစ်ပါကြောင်း၊ ထိုအခါ အခွန်ဝင်ငွေ/ရငွေတိုးလာမည်ဖြစ်ပါကြောင်း၊ ထို့အတူ ငွေကြေးပေါ်လစီသည် အင်မတန်အရေးကြီးသော ကိစ္စတစ်ခုဖြစ်ပါကြောင်း၊ စီးပွားရေးနှင့် အခွန်ကောက်ခံမှုကိုလည်း ထိုငွေကြေးပေါ်လစီက အထောက်အကူပြုမည်ဟုယူဆရပါကြောင်း၊ ထို့ကြောင့် ငွေကြေးပေါ်လစီကို အဓိကကိုင်တွယ်ဆောင်ရွက်မည့် ဘဏ်နှင့်ငွေကြေးလုပ်ငန်းများ သွက်လက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတကာစံနှုန်းများအတိုင်းဖြစ်ရေး၊ ဘဏ်ဥက္ကဋ္ဌကို သီးခြား ပြည်ထောင်စုအဆင့်အဖွဲ့အစည်းထားရှိဆောင်ရွက်ရေး စဉ်းစားရန် လိုအပ်ကြောင်းလည်း နာယကကြီးအား လေးစားစွာတင်ပြအပ်ပါကြောင်း။

ပူးပေါင်းဆောင်ရွက်

ဤပြည်ထောင်စုလွှတ်တော်အစည်းအဝေးအတွင်း ပြည်ထောင်စုဖွား တိုင်းရင်းသား တိုင်းရင်းသူကိုယ်စားလှယ်များ၏ ရိုးသားပွင့်လင်းစွာ ဆွေးနွေးမှုများသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်မြင့်မားရေး၊ ပြည်တွင်းငြိမ်းချမ်းရေးများ ရရှိစေနိုင်သော ဆွေးနွေးတင်ပြချက်များ ဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုကိုယ်စားလှယ်များက အထူးကျေးဇူးတင်ရမည်ဟု ပြောကြားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ဖြစ်ပြီး နိုင်ငံတော်အနေဖြင့် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်ခဲ့သော်လည်း၊ ဆောင်ရွက်နေသော်လည်း တိုင်းရင်းသားကိုယ်စားလှယ်များ ထောက်ပြဆွေးနွေးသွားသော အချို့ကိစ္စရပ်များသည် မူသဘောနှင့် လက်တွေ့အပြောနှင့်အလုပ် မညီညွတ်ခြင်းများ၊ ခုတ်ရာတခြား ရှရာတလွဲဖြစ်နေခြင်းများ တွေ့ရှိခဲ့ပါကြောင်း၊ ရှိနိုင်ပါကြောင်း၊ ကိုးကွယ်သည့်ဘာသာ၊ နေထိုင်ရာဒေသ၊ တိုင်းရင်းသားလူမျိုးစုများအပေါ် ဝန်ထမ်းရေးရာ၊ လူမှုရေးရာ၊ ဖွံ့ဖြိုးရေးနှင့်စီးပွားရေးရာတို့တွင် တိုင်းရင်းသားကိုယ်စားလှယ်တော်ကြီးများ၏ ဆွေးနွေးအကြံပြုမှုများကြောင့် ယနေ့မှစပြီး ပိုမိုမျှတစေရမည်၊ ပိုမိုမျှတအောင်လုပ်ကြရမည်ဟု သန္နိဋ္ဌာန်ချဆောင်ရွက်သွားကြရန်၊ ပြည်ထောင်စု လွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ မိမိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုကိုယ်စားလှယ်များသည် နိုင်ငံတော်အစိုးရနှင့်အတူ ကတိပြု ကတိထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ပြည်ထောင်စုအစိုးရအပေါ် အားထားယုံကြည်မှုအပြည့်အဝထားရှိရမည်ဖြစ်ပြီး အားလုံးသည်လည်း အပြောနှင့် အလုပ်တစ်ထပ်တည်းဖြစ်အောင် မိမိတို့ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း နာယကကြီးအား လေးစားစွာတင်ပြပါကြောင်း။

မိမိတို့ထားရှိသော သတိတရားနှင့်စေတနာများ ယခုထက်လျော့မသွားဘဲ ရရှိထားသော သင်ခန်းစာနှင့် အတွေ့အကြုံများကိုအခြေခံပြီး ပစ္စုပ္ပန်နှင့် အနာဂတ်အတွက် ပြည်သူ့ကိုယ်စားလှယ်များပီပီ ပြည်သူ့အတွက် နိုင်ငံအတွက် ရဲရဲဝံ့ဝံ့သတ္တိရှိရှိ စေတနာမှန်မှန် ဆောင်ရွက်သွားပါမှ ကမ္ဘာမှာ မြန်မာလို့ ဟစ်ကြွေးပြီး ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်ကြောင်း၊ ပြင်ဆင် အဆိုပြုချက်များကို ဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

တင်သွင်းဆွေးနွေး

ဆက်လက်၍ သူရဦးရွှေမန်းက ဥပဒေကြမ်းပါ အပိုဒ် ၄(က)၊ အပိုဒ် ၆(ဂ)၊ အပိုဒ် ၂၃(ခ) တို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက အပိုဒ် ၇၊ အပိုဒ် ၉ တို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးက အပိုဒ် ၃(ဃ)၊ အပိုဒ် ၇၊ အပိုဒ် ၉၊ အပိုဒ် ၁၉(ခ)၊ အပိုဒ် ၂၃(ခ)တို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက နောက်ဆက်တွဲဇယား ၃ ပါ ကျန်းမာရေးဝန်ကြီးဌာနနှင့်သက်ဆိုင်သည့် အခြားသာမန်ရငွေနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်းက အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့၏ရငွေသုံးငွေစာရင်းတွင် လျှော့ချခြင်း၊ ပယ်ဖျက်ခြင်းမပြုရေး၊ ပြည်ထဲရေးဝန်ကြီးဌာန၏အသုံးစရိတ် ဘတ်ဂျက်တွင်ပြင်ဆင်ဖြည့်စွက်ပေးရေးတို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့၏ ငွေလုံးငွေရင်းအသုံးစရိတ်နှင့်စပ်လျဉ်း၍လည်းကောင်း ပြင်ဆင်ချက်အဆိုများ တင်သွင်းဆွေးနွေးကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ပြင်ဆင်ချက်အဆို မတင်သွင်းမီ တင်ပြချက်များသည် နိုင်ငံတော်အတွက် အရေးကြီးသည့် နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ လူမှုရေးအမြင်များဖြစ်ပြီး ၎င်းအမြင်များကို မှတ်တမ်းတင်ကာ ကြာရှည်စွာအလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်းယူဆသည့်အတွက် ပြည်ထောင်စုလွှတ်တော်နာယကက သူရဦးရွှေမန်း၏တင်ပြချက်ကိုပူးတွဲ၍ နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာအဖြစ်ပေးပို့မည်ဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

ယခုဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ပြင်ဆင်ချက်အဆိုများနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုခြင်းတို့ကို မတ် ၂၂ ရက်တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး(၂၅)ရက်မြောက်နေ့ကို မတ် ၂၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းအသိပေး

နေပြည်တော် မတ် ၂၁

မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သင်းသင်းထွေးဦးဆောင်သော တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များသည် မတ် ၂၀ ရက် နံနက် ၈ နာရီတွင် မကွေးမြို့ မြို့မဈေးကြီးနှင့် မကွေးမြို့ပေါ်ရပ်ကွက်များ၌ ကိုးလမှ ငါးနှစ်အတွင်း ကလေးငယ်များအားလုံး ၂၀၁၂ ခုနှစ် အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံရန် အိမ်တိုင်ရာရောက် လိုက်လံအသိပေးနှိုးဆော်ပြီး လက်ကမ်းစာစောင်များဖြန့်ဝေကြသည်။

ကိုးလမှ ငါးနှစ်အတွင်း ကလေးငယ်များအားလုံး ၂၀၁၂ ခုနှစ် အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို မတ် ၂၂ ရက်မှ ၃၁ ရက်ထိ မကွေးတိုင်းဒေသကြီးအတွင်း တစ်ပြိုင်တည်းပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မတ် ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၇)ရပ်ကွက်တွင် မိုးပွင့်အဆင့်(၂)စီမံချက်ဖြင့် ဆောင်ရွက်ခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို အနောက်ပိုင်းခရိုင်ဦးစီးဌာနမှူး ဦးယဉ်ထွေးနှင့် မြို့နယ်ဦးစီးဌာနမှူးဦးဝင်းမြင့်တို့ တစ်ဦးချင်းပေးအပ်စဉ်။

(၁၂၂)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

မြန်မာ့ရုပ်မြင်သံကြား

(၁၃၇၃ခုနှစ်၊ တပေါင်းလကွယ်နေ့)
ဥပုသ်နေ့
၂၂-၃-၂၀၁၂(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၀	နံနက်ခင်းသတင်း
၈:၀၅	တိုင်းရင်းသားရိုးရာ တေးသံသာ
၈:၂၅	(၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀	International News
၈:၄၅	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်း တရားတော်

ညပိုင်း

၄:၀၀	စစ်ချီတေး၊ စစ်သည်တေး
၄:၂၀	အတီးပြိုင်ပွဲ
၄:၄၅	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရုက္ခဗေဒ အထူးပြု) (ရုက္ခဗေဒ)
၅:၁၀	**အမှိုက်နှင့်သင့်တာဝန်**
၅:၃၀	သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
၆:၀၀	ညနေခင်းသတင်း
၆:၄၅	ပျော်ရွှင်စေသောနေ့ရက်များ
	နှလုံးသားမှချစ်ပန်းချီ (အပိုင်း-၃) (ဒါရိုက်တာ-အောင်ကျော်သူရ)
၇:၄၅	**ဘယ်လိုမဲပေးကြမှာလဲ** (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)
၈:၀၀	ပြည်တွင်းသတင်း
	- နိုင်ငံရေးပါတီများ၏
	- ဟောပြောချက်အစီအစဉ်
	- နိုင်ငံတကာသတင်းများ
	- မိုးလေဝသအခြေအနေ
	- **စိတ်အားထက်သန်ဆန္ဒအမှန်**
	- နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာအသချေ်**(အပိုင်း-၁၆)
	- နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး**(အပိုင်း-၄၁)

13th KPI Congress သို့ တက်ရောက်ရန် လွှတ်တော်ကိုယ်စားလှယ်(၂)ဦး ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မတ် ၂၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မတ် ၂၂ ရက်မှ ၂၄ ရက်အထိကျင်းပမည့် 13th KPI Congress သို့တက်ရောက်ရန်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားစီမံကိန်းရေးရာကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ဖေနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်းတို့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့်အဖွဲ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(အောက်ပုံ) (သတင်းစဉ်)

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကရင်ပြည်နယ်တစ်ခုလုံး လွှမ်းခြုံရောက်ရှိစေရန် တည်ဆောက်ဖွင့်လှစ်ပေးထားသော ကျန်းမာရေးအခြေခံအဆောက်အအုံများ

* နိုင်ငံတော်က တိုင်းရင်းသားပြည်သူအားလုံး ရောဂါဘယကင်းရှင်းရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် လူ့မျှော်မှန်းသက်တမ်း မြှင့်တင်ရေးတို့ကို အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။
* ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကရင်ပြည်နယ်တစ်ခွင်လုံးကိုလည်း လွှမ်းခြုံပေးလျက်ရှိသည်။
* ကရင်ပြည်နယ်၏ ကျန်းမာရေးကဏ္ဍကို ပိုမိုမြင့်တက်အောင် မြှင့်တင်ပေးလျက်ရှိသည်။
* ဆေးရုံများကို တိုးချဲ့ဖွင့်လှစ်ပြီး အဆင့်မြှင့်တင်ပေးလျက်ရှိရာ မျက်မှောက်ခေတ်၌ အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခုတွင်ပါဝင်သည့် ဘားအံမြို့၌ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီး ပေါ်ထွက်လာသည်။
* ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ဆေးရုံများအသစ်တည်ဆောက်ပေးခြင်း၊ ဆေးရုံများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးခဲ့သည်။
* ကရင်ပြည်နယ်တွင် တိုင်းရင်းဆေးရုံတစ်ရုံနှင့်အတူ တိုင်းရင်းဆေးကုဌာန ရှစ်ခုအထိ ရှိလာသည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

ကရင်ပြည်နယ် လှိုင်းဘွဲ့ပြည်သူ့ဆေးရုံကြီးက ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝ ပေးလျက်ရှိသည်။ (အပေါ်ပုံ)

ဒေသခံပြည်သူများ တိုင်းရင်းဆေးဖြင့် ကုသနိုင်ရန်လည်း ဘားအံမြို့၌ ဘားအံတိုင်းရင်းဆေးရုံ(ယာပုံ)ကို တည်ဆောက်ပေးထားသည်။

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် မြိုင်ကလေးပြည်သူ့ဆေးရုံ(အပေါ်ဆုံးပုံ)ကို တိုးချဲ့ဖွင့်လှစ်ပေးထားသည်။

ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် တည်ဆောက်ဖွင့်လှစ်ပေးထားသော ဘားအံမြို့ရှိ ပြည်နယ်ပြည်သူ့ဆေးရုံကြီး(အောက်ပုံ)ကို တွေ့ရစဉ်။



22-3 (09).pmd 1 3/22/2012, 1:46 AM

လမ်းစည်းကမ်းကို စ၊ လယ်၊ ဆုံး လိုက်နာကြလျှင်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ တင်ဝင်းလေး (ကြည့်မြင်တိုင်)

ရန်ကုန် မတ် ၂၁

ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မကြာခဏဆိုသလိုပင် ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာများတွင် ဘယ်နေ့ ဘယ်ရက် ဘယ်လအတွင်း စည်းကမ်းမဲ့ လမ်းကူးသူ ဘယ်နှစ်ဦးအား အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းထုတ်ပြန်ပေးလျက်ရှိသည်။ အချို့ခရီးသွားများသည် သတိမမူနိုင်ကြသည့်အပြင် မြို့ထဲသွားရင် မျဉ်းကျားကကူးနော် ဖမ်းနေတယ်ဟု အချင်းချင်းသတိပေး ပြောကြားမှုကိုလည်း အာရုံမထား၊ အဆင်ပြေသလို ကားလမ်း ဖြတ်ကူးကြသည်။

ပို၍ဆိုးသည်မှာ ယာဉ်နောက်လိုက်က မတားလိုက်နိုင်မီ မီးပွိုင့်မိခိုက် ကားပေါ်က ရုတ်တရက် ဆင်းကာ တစ်ဖက်စင်္ကြံသို့ အပြေးတက်သွားကြသည်။ ထို့ကြောင့် ဘေးကကပ်ပါလာသည့် ကားနှင့်ယာဉ်တိုက်မှုဖြစ်ပွားလေ့ရှိသည်ကိုလည်း မကြာခဏ မြင်မိ၊ ကြားမိခဲ့သည်။

ဘာမှမဖြစ်လျှင်တော့ ဘာမှမဖြစ်ဘူးဆိုသလို ဖြစ်လာလျှင် မိမိကစ၍ စည်းကမ်းဖောက်လိုက်သည့်အတွက် ဘေးတံခါးဖွင့်ထားမိသော ယာဉ်နောက်လိုက် အရေးယူခံရတော့သည်။ ရုတ်တရက် ဆင်းလိုက်သည့်အတွက် ဘေးကကပ်ပါသည့်ကားနှင့်တိုက်မိ၍ တိုက်မိသောကားအရေးယူခံရတော့မည်။ မိမိကိုယ်တိုင်ပင် ထိခိုက်ပွန်းပဲ့ခြင်းမှအစ အသက်ဆုံးရှုံးမှုအထိ ဖြစ်လာပေတော့သည်။ ထို့ကြောင့် သက်ဆိုင်ရာတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းရှိကြဖို့ အချိန်နှင့်အမျှ သတိပေးနှိုးဆော်နေရခြင်းဖြစ်သည်။

အချိန်နှင့်အမျှ အရေးကြီးနေတတ်သော လိုင်းကားအချို့ကလည်း ရှေ့ကားနှင့် နောက်ကား ယာဉ်မောင်းပြိုင်ပွဲဝင်နေတတ်ကြသည်။

ထိုသို့ အပြိုင်မောင်းခြင်းမှာ ရှေ့မှတ်တိုင်တွင် စောင့်နေကြသော ခရီးသည်များကို တင်လိုဇောနှင့် ဖြစ်သည်။ မိမိကားပေါ်တွင် မတ်တပ်ရပ်သူ အပြည့်နီးပါး ပါရှိသည့်တိုင် ခရီးသည်ကိုလည်း အားမနာ၊ နောက်ကကား နီးလာမှ "ဆရာရေ နောက်ကား မီးပွိုင့်လွတ်လာပြီ မောင်း" ဆိုကာ ရှေ့မှတ်တိုင်သို့ တစ်ဟုန်ထိုး ပြေးထွက်တတ်ကြသည်။

ဥပဒေများထုတ်ပြန်

သည်တွင် မိမိမောင်းနှင်ရာ လမ်းကြောင်းရှိ လူကူးမျဉ်းကျားပေါ်တွင် စည်းကမ်းတကျ လမ်းကူးနေကြသူများကိုလည်း မညှာ၊ မထိခလုတ် ထိခလုတ် ပွတ်ကာသီကာ အရှိန်နှင့်မောင်းနှင်တတ်ကြသည်။ သက်ဆိုင်ရာက စည်းကမ်းဥပဒေများထုတ်ပြန်ထားသော်လည်း သတိမမူနိုင်ကြတော့ပေ။

လူကူးမျဉ်းကျားပေါ်၌ အရှိန်ဖြင့်မောင်းနှင်ပါက ဒဏ်ငွေနှင့် ယာဉ်မောင်းလိုင်စင်ကို ခြောက်လ ပိတ်သိမ်းမည်ဆိုထားသော်လည်း လှည့်ကင်းကားနှင့် ယာဉ်ထိန်းရဲ မတွေ့လို့ကတော့ လမ်းကူးသူများကိုပင် လမ်းကူးတာနှေးသည်ဟု ဆိုပြီး ကားပေါ်က မေတ္တာပို့သွားကြသည်။

သည်တွင် ပို၍ဆိုးသည်မှာ အချို့သောလိုင်းကားများက လူကူးမျဉ်းကျားပေါ်တွင် မိမိကားကြီးကို ခွ၍ရပ်ထားခြင်းဖြစ်သည်။

ခရီးသွားများက လမ်းကူးကြရင်း လူကူးမျဉ်းပေါ် ရပ်ထားသော ကားအနီးအရောက်တွင် မျဉ်းကျားပေါ်က ဖယ်ခွာသွားရတော့သည်။

ကြိုးပမ်းဖို့လိုအပ်

အချို့နေရာတွင် ယာဉ်ထိန်းရဲများက ကူညီသဖြင့် လမ်းကူးသူများအတွက် အဆင်ပြေရသည်။ ယာဉ်ထိန်းရဲမရှိသောနေရာများတွင် စည်းကမ်းမဲ့သူတို့ကလည်း စည်းကမ်းမဲ့ကြမြဲပင်။ လုပ်ငန်းတစ်ခု အောင်မြင်အောင် ဆောင်ရွက်မည်ဆိုပါက အစကောင်းဖို့ လိုသလို အလယ်တွင်မလစ်ဟာဖို့ အရေးကြီးပြီး အဆုံးအထိလည်း အောင်မြင်အောင် ကြိုးပမ်းဖို့လိုအပ်ပါသည်။

အကူအညီပေး

အစဟူသည့် ခြေကျင်သွား ခရီးသည်များအနေဖြင့် ဖမ်းဆီးနေသည့်အချိန်မှ မဟုတ်သော်လည်း အစဉ်ထာဝရ လမ်းစည်းကမ်းကို လိုက်နာဖို့ လိုအပ်သလို အလယ်ဟူသော ယာဉ်မောင်းများကလည်း ယာဉ်စည်းကမ်းကို လှည့်ကင်းရှိမှ၊ ယာဉ်ထိန်းရဲကြီးကို တွေ့မှ လိုက်နာသည်မဟုတ်မူဘဲ ခရီးသည်များနှင့် ခြေကျင်သွားခရီးသွားတို့အား ညှာတာသောအားဖြင့် ထိန်းထိန်းသိမ်းသိမ်း မောင်းနှင်ကြဖို့ လိုသည်။ အဆုံးဟူသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအတွက် တာဝန်ရှိသူ တို့အနေဖြင့် စည်းကမ်းမဲ့သူများကို အရေးယူသည့်အပြင် စည်းကမ်းနှင့်အညီ လမ်းကူးကြသူများကိုလည်း ယခုပိုမို၍အကူအညီပေးကြပါဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဆူးလေမီးပွိုင့်အနီး မျဉ်းကျားပေါ်၌ စည်းကမ်းနှင့်အညီ လမ်းကူးနေကြသူများနှင့် မျဉ်းကျားပေါ်တွင် စည်းကမ်းမဲ့ ခွရပ်ထားသော ယာဉ်တစ်စီးကို တွေ့ရစဉ်။

မတ် ၁၁ ရက်က ကမာရွတ်မြို့နယ် အမှတ် (၉)ရပ်ကွက် အမက (၂)၌ ဝက်သက်ရောဂါကာကွယ်ရေးအကြောင်း သိကောင်းစရာဟောပြောပွဲကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါ ဟောပြောစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း ရုပ်ရှင်အမြည်း

ယခုတစ်ပတ် နိုင်ငံခြားကားသစ် မြို့လယ်ရုံဝင်မည် မြန်မာဇာတ်ကား မေခင်ကညာ ဆက်လက်အောင်ပွဲခံပြသ

ရန်ကုန် မတ် ၂၁

ယခုတစ်ပတ် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများတွင် မြန်မာဇာတ်ကားသစ်များဝင်မလာဘဲ နိုင်ငံခြားဇာတ်ကားသစ် John Carter မတ် ၂၃ ရက်တွင် ရှေ့ဆောင်ရုပ်ရှင်ရုံသို့ ဝင်လာမည်ဖြစ်သည်။

John Carter ဇာတ်ကားသစ်တွင် သရုပ်ဆောင် Taylor Kitsch နှင့် Lynn Collins တို့ ခေါင်းဆောင်ပါဝင်ထားပြီး ဒါရိုက်တာ Andrew Stanton က ရိုက်ကူးထားသည်။

ဇာတ်ကားမှာ စိတ်ကူးယဉ်ဆန်ဆန် သိပ္ပံဇာတ်လမ်းဖြစ်သည်။ စွန့်စားခန်းများလည်း ပါဝင်သည်။ အမေရိကန်ကြည်းတပ်မှ ဗိုလ်ကြီး ဂျွန်ကာတာ ရုတ်တရက်ကွယ်လွန်သွားခဲ့ရာ တူဖြစ်သူ အက်(ဒ်)က ဂျွန်ကာတာ သေဆုံးရခြင်းအကြောင်းကို ဦးလေးဖြစ်သူ၏ နေ့စဉ်မှတ်တမ်းကို အခြေပြု သဲလွန်စရှာရာမှ အစပြု၍ ဇာတ်လမ်းကို စတင်ထားသည်။

သမ္မတ၊ သွင်နှင့် မင်္ဂလာရုပ်ရှင်ရုံများတွင် ရန်အောင်၊ ရဲအောင်၊ ခန့်စည်သူ၊ ပြေတီဦး၊ ကျော်ကျော်ဗို၊ စိုးမြတ်သူဇာ၊

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

အိန္ဒြာကျော်ဇင်၊ သဉ္ဇာဝင့်ကျော်နှင့် ဝတ်မှုန်ရွှေရည်တို့ ခေါင်းဆောင်ပါဝင်သော **မေခင်ကညာ** ဇာတ်ကား **(အောက်ပုံ)** အောင်ပွဲခံ ဆက်လက်ပြသနေပါကြောင်း သည်တစ်ပတ် ရုပ်ရှင်အမြည်းအဖြစ် ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

စုပေါင်းကာကွယ် ယာဉ်အန္တရာယ်

ရိတ်သိမ်းပြီး ကုလားပဲများ သုံးရက်ခန့် ဤသို့နေလှန်းကြရသည်။



မြန်မာ့အလင်း မှု ခင်း သ တင်း

ကားဘီးကျွတ်ပြီး တိမ်းမှောက်မှုဖြစ်ပွား

ရန်ကုန် မတ် ၂၁

သားဖြစ်သူ မောင်းနှင်သောကားဘီးကျွတ်တိမ်းမှောက်၍ လိုက်ပါလာသူ မိသားစုဝင်များ ထိခိုက်ဒဏ်ရာ အသီးသီးရရှိသွားသည့်အပြင် မိခင်ဖြစ်သူ သေဆုံးမှု မတ် ၁၀ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၁၀ ရက် နံနက် ၉နာရီခွဲခန့်က ရန်ကုန်မှ ဟသ်ာတသို့ ယာဉ်မောင်း ဝေလင်း (၂၁) နှစ် (ဘ) ဦးချစ်လွင် ဗဟန်းမြို့နယ် ရန်ကုန်မြို့နေသူ မောင်းနှင်လာသော ၉ဂ/. . . ဆပ်ဖ်ခဲရောင် မော်တော်ယာဉ်သည် မိသားစုဝင်များကို တင်ဆောင် မောင်းနှင်လာစဉ် ဇလွန်မြို့နယ် မေရီလမ်းကျေးရွာအနီး မိုင်တိုင်အမှတ် ၂၃/၇ နှင့် ၃၀/၀ အကြား ရှေ့မှယာဉ်တစ်စီးကိုကျော်တက်ရာ ဝဲဘက်နောက်ဘီးကျွတ် ၍ လမ်းဝဲဘက်သို့ ထိုးကျတိမ်းမှောက်သွားသဖြင့် ယာဉ်ပေါ်လိုက်ပါလာသူ မိခင် ဒေါ်ဥမ္မာထွေးသေဆုံးသွားသည့်အပြင် အဘွား ဒေါ်ကျင်စိန်နှင့် အစ်ကိုဝမ်းကွဲ မျိုးဇော်ဟိန်းတို့ ဒဏ်ရာရရှိသွားခဲ့ကြကြောင်း သိရှိရသည်။

(၀၇၇)

ကားနှင့်ဆိုင်ကယ်တိုက်မိ

မြင်းမူ မတ် ၂၁

မြင်းမူမြို့နယ် ပျော့ရွာအနီး မြင်းမူ-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၄၀/၃ နှင့် ၄၀/၄ ကြားတွင် စစ်ကိုင်းဘက်မှ ယာဉ်မောင်း ထွဋ်လွင်သိန်း မောင်းနှင်လာသည့် ၃ခ/----- အီဆူးဇူးအဖြူရောင်ယာဉ်သည် လမ်းဝဲဘက်သို့ ဘက်ဖိုးမြေတင်ကားတင်ရန်ရွှေ့စဉ် မြင်းမူဘက်မှ ယာဉ်မောင်း ဇော်မင်းနိုင် (ဘ)ဦးတွတ် ၂၂ နှစ် မြင်းမူမြို့နယ် (ကျပန်း)ငါးကင်းရွာနေသူ မောင်းနှင်ပြီး အောင်ဌေး (ဘ) ဦးဌေး ၃၁ နှစ် ငါးကင်းရွာနေသူနောက်မှ လိုက်ပါလာသည့် နံပါတ်မပါ ဆန်ပို 125 အနက်ရောင်ဆိုင်ကယ်မှ ကားနောက်ပိုင်းကို ဝင်တိုက်မိ၍ ဆိုင်ကယ်လဲကျတိမ်းမှောက်ပြီး ဆိုင်ကယ်စီးသူနှစ်ဦး ဒဏ်ရာရကာ စစ်ကိုင်းဆေးရုံသို့တင်ပို့စဉ် ဇော်မင်းနိုင်မှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

(၀၇၉)

ကုလားပဲစိုက်တောင်သူများ ဈေးကောင်းရနေ

ရမည်းသင်း မတ် ၂၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကန်ဘဲ့ကျေးရွာအုပ်စုရွာများတွင် ဆောင်းသီးနှံဖြစ်သည့် ကုလားပဲကိုစိုက်ပျိုးကြသည့်တောင်သူများဈေးကောင်းရကြပြီး အဆင်ပြေနေကြောင်း ကြားသိရသဖြင့် စာရေးသူသည် မတ် ၈ ရက် နံနက်က ရမည်းသင်းမြို့နယ် အရှေ့မြောက်ဘက် ကန်ဘဲ့ကျေးရွာအုပ်စု ထန်းပေါက်ကုန်းရွာသို့ သွားရောက်ခဲ့ကာ ပဲစိုက်တောင်သူအချို့နှင့် တွေ့ဆုံမေးမြန်းဓာတ်ပုံရိုက်ကူးခြင်းများ ပြုလုပ်ခဲ့သည်။

ထန်းပေါက်ကုန်းရွာမှ တောင်သူဦးတင်ငွေက ကန်ဘဲ့ကျေးရွာအုပ်စုရှိ ကွင်းကိုးကွင်းတွင်ယခုနှစ်ကုလားပဲဧက ၄၀၀ခန့်စိုက်ပျိုးခဲ့ကြကြောင်း၊ ပဲကိုတန်ဆောင်မုန်းလတွင်စတင်စိုက်ပျိုးခဲ့ပြီး တပေါင်းလတွင်ပဲရိတ်သိမ်းရကြောင်း၊ ပဲစိုက်နည်း နှစ်နည်းရှိရာ တိုက်ရိုက်အစေ့ချစိုက်နည်းနှင့် တန်းဆွဲစိုက်နည်းဖြစ်ရာ တိုက်ရိုက်အစေ့ချစိုက်ပျိုးပါက မျိုး ၁၂ပြည် တစ်ဧကနှုန်းကုန်ကျပြီး တန်းဆွဲနည်းဖြင့်စိုက်ပါက တစ်ဧက ငါးပြည်သာကုန်ကျကြောင်း တန်းဆွဲနည်းဖြင့်စိုက်က အပင်ထွက်နောက်ကျသလို အထွက်နည်းကြောင်း၊ တိုက်ရိုက်အစေ့ချနည်းဖြင့်စိုက်ပါက အထွက်တိုးကြောင်း ကုလားပဲရိတ်သိမ်းပြီး နှစ်ရက် သုံးရက်ခန့်နေလှန်းကာ စက်ဖြင့်အစေ့ခြွေရကြောင်း ရှင်းပြသည်။

ဦးတင်ငွေက မိမိတို့ ကန်ဘဲ့အုပ်စု ကွင်းအမှတ်(၂၆၀/၂၇၂)တွင် ပဲ၁၅ဧက စိုက်ပျိုးထားကြောင်း၊ တစ်ဧက ရှစ်တင်းမှ ၁၀တင်းထွက်ရှိကြောင်း၊ အထွက်နည်းသော်လည်း ယခုနှစ်ပဲဈေး တစ်တင်း ငွေကျပ် ၁၆၀၀၀မှ ငွေကျပ် ၂၇၀၀၀ ဈေးရှိ၍ ယခင်နှစ်ကထက် ဈေးကောင်းကြောင်း၊ ယခင်နှစ်က ပဲထွက်ကောင်းသော်လည်း ပဲတစ်တင်း ငွေကျပ် ၁၂၀၀၀မှ ငွေကျပ် ၁၃၀၀၀ ဈေးသာရှိခဲ့ကြောင်း၊ ယခုနှစ် ပဲစိုက်တောင်သူများ ဈေးကောင်းရကြသဖြင့် အဆင်ပြေလျက်ရှိကြောင်းကို ဝမ်းသာပီတိအပြုံးဖြင့်ပြောပြသည်။ (၀၁၁)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ရပ်ကွက်တွင်းမှ ကားဘော်ဒီရုံ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ပေါင်းလောင်း (၁)ရပ်ကွက် ၁၂ လမ်းရှိ ကားဘော်ဒီရုံမှ နေ့စဉ် တဒုန်းဒုန်းထုရိုက်သံများဖြင့် ဆူညံနေပါသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရခြင်းကြောင့် ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သားများ**

သံပန်းသံတံခါးအလုပ်ရုံ ဆူညံလွန်း

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ၄ လမ်းရှိ သံပန်းသံတံခါးအလုပ်ရုံသည် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဂဟေဆော်ခြင်း၊ သံချောင်းများကို ထုရိုက်ခြင်း၊ သံချောင်းများဖြတ်ခြင်း စသည့်အသံများဖြင့် နေ့စဉ်ဆူညံလျက်ရှိရာ ထိုဆူညံသံများကြောင့် အနီးပတ်ဝန်းကျင်နေထိုင်သူများ နားမခံသာဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ **နားမခံနိုင်သူ**

သံဆန်ခါပိုက်ဖြင့် ငါးဖမ်းခြင်းကို တားဆီးပေးစေချင်

စာတည်းခင်ဗျား-

မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်း၊ ပဲခူးတိုင်းဒေသကြီး သနပ္ပင်မြို့နယ်အတွင်းနှင့် စစ်တောင်းမြစ်ရိုးတစ်လျှောက်တွင် သံဆန်ခါ(ဖော့)ပိုက်များဖြင့် ငါးဖမ်းဆီးနေ၍ ငါးမျိုးသုဉ်းနိုင်ပါသဖြင့် လိုအပ်သလို အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရေလုပ်သားများ**

သံဂဟေဆက်အလုပ်ရုံနှင့် ဆိုင်ကယ်ပြင်ဆိုင် ရှင်းလင်းပြီးဖြစ်

၂၉-၁-၂၀၁၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပြည်ခရိုင် ပေါင်းတည်မြို့ အုပ်ဖို(၁)ရပ်ကွက် ရှမ်းစုလမ်းရှိ သံဂဟေဆက်အလုပ်ရုံနှင့် ဆိုင်ကယ်ပြင်ဆိုင်များကြောင့် ကျန်းမာရေးထိခိုက်ရသည့်အပြင် မီးဘေးအန္တရာယ်စိုးရိမ်ရ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်းနှင့် ဥပဒေကြမ်း (၁)ခု လက်ခံရရှိကြောင်း အသိပေးခြင်းတို့ဆောင်ရွက်

နေပြည်တော် မတ် ၂၁

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၁၅)ဦးတို့ တက်ရောက်ကြသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

အစည်းအဝေး၌ ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်းနှင့် ဥပဒေကြမ်း (၁)ခု လက်ခံရရှိကြောင်း အသိပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆုံးဖြတ်

ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍ ၌ မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က မတ်လ ၂၀ ရက်တွင် ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ခဲ့ကြောင်း၊ ပြင်ဆင်ချက်မှာ ခေါင်းစဉ်ကိုသာ ရေးထုံးမှန်ကန်အောင် ပြင်ဆင်ခြင်းဖြစ်သည့်အတွက် ဥပဒေကြမ်း၏အမည်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော **၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** ကို ပြည်သူ့လွှတ်တော်က မတ်လ ၂၀ ရက်တွင် လက်ခံရရှိခဲ့ကြောင်း၊ ဥပဒေကြမ်းကော်မတီအနေဖြင့် ယင်းဥပဒေကြမ်းကို စိစစ်ပြီး ကော်မတီ၏ အစီရင်ခံစာနှင့်အတူ လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် တင်သွင်းရမည်ဖြစ်ကြောင်း၊ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် "အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်" တိကျစွာဖော်ပြ၍ မတ်လ ၂၂ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထားပြီး အမည်စာရင်းပေးကြရန်ဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၃ နာရီ ၅ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး (၁၈)ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့တင်သွင်း

နေပြည်တော် မတ် ၂၁

အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၈၁)ဦးတို့ တက်ရောက်ကြသည်။

အသိပေးဆောင်ရွက်

အစည်းအဝေး၌ အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ခဲ့သော အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်းနှင့် ပတ်သက်၍ လွှတ်တော်သို့ အသိပေးဆောင်ရွက်ကြောင်း သိရသည်။

တင်သွင်း

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့သော **အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းနီနီအေးက ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ တင်သွင်းသည်။

ယင်းဥပဒေကြမ်းကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး အစည်းအဝေးရပ်နားသည့်အခါ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရပ်နားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

မိခင်ဝမ်းတွင်းမှ သန္ဓေသား၏ လည်ပြွန်အား ကမ္ဘာ့ပထမဆုံး ခွဲစိတ်ပေးနိုင်ခဲ့ စာ-၄

ဘရာဇီး ဆံကေသာအလှပြိုင်ပွဲရှင် တစ်သက်လုံး မညှပ်ဘဲ ထားခဲ့သော ဆံပင်ရှည်ကို အိမ်ခန်းပြင်ဆင်ရန်အတွက် ဖြတ်ရောင်းခဲ့ စာ-၄

ဘာစီလိုနာ ဘောလုံးအသင်း သမိုင်းတွင် တိုက်စစ်မှူး မက်ဆီ ဂိုးအများဆုံးသွင်းယူ စာ-၅